ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ ပြာသိုလကွယ်၊ ဗုဒ္ဓဟူးနေ့၊ (6-2-2008) (၅၅၈၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုစိတ်ဓာတ် အခြေခံဖြင့် ကာကွယ်ထိန်းသိမ်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ ကမ္ဘာ့အလယ်တွင် ဝင့်ဝင့်ထည်ထည် တည်တံ့ခိုင်မြဲစွာ ရပ်တည်နိုင်ရေးအတွက် မကြုံစဖူးထူးကဲစွာ ရရှိပြီးဖြစ်သော တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို နိုင်ငံသူ၊ နိုင်ငံသား အားလုံးက ပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့် ကာကွယ် ထိန်းသိမ်းကြရမည့် တာဝန်ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
နှစ် (၆၀)ပြည့် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ –

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတထံ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်နယ်အချို့တွင် ကျရောက်လျက်ရှိသော ဆီးနှင်းမုန်တိုင်းကြောင့် အသက်အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးရသည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်တောင်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စစ်ကိုင်းတိုင်း တမူးမြို့ ဖွံ့ဖြိုးတိုးတက်မှု ကြည့်ရှုစစ်ဆေး
နယ်စပ်မြို့ဖြစ်သည်နှင့်အညီ နှစ်နိုင်ငံကုန်သွယ်မှုပမာဏ ဖွံ့ဖြိုးတိုးတက်လာအောင် နည်းလမ်းများရှာကြံရန်မှာကြား

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တမူးမြို့ နယ်စပ် နန်းဖာလုံဈေးကို ကြည့်ရှုစစ်ဆေးစဉ်။
(အပေါ်ပုံ) (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၅

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် နေပြည်တော်မှ စစ်ကိုင်းတိုင်း ကလေးမြို့သို့ ထွက်ခွာခဲ့ရာ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ကလေးလေဆိပ်သို့ ရောက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး၊

စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၆–၂–၂၀၀၈
(ဗုဒ္ဓဟူးနေ့)

ပြည်ထောင်စု၏ဝိသေသဂုဏ်ရည် ထာဝရတည်တံ့ခိုင်မြဲရေး အလေးထား

မြန်မာနိုင်ငံ၏ ထူးခြားသောဝိသေသမှာ ပြည်ထောင်စုဖွား ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း ဟူသည့် တိုင်းရင်းသားများနှင့် တိုင်းရင်းသားမျိုးနွယ်စုများ ချစ်ကြည်ရင်းနှီး ပေါင်းစည်းနေထိုင်ကြခြင်းဖြစ်သည်။

တိုင်းရင်းသားမျိုးနွယ်စုများ နေထိုင်ရာ ဒေသအလိုက် ဓလေ့ထုံးတမ်း၊ ဘာသာစကား၊ လူမှုရေးစနစ်နှင့် ရိုးရာယဉ်ကျေးမှုများ ထွန်းကားလျက်ရှိသည်။ အနှစ်သာရအနေဖြင့် ပြည်ထောင်စုသွေး၊ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေပြုထားသဖြင့် အညာတစ်ခုတည်းမှ ပေါက်ဖွားသီးပွင့်နေကြသည့် သွေးရင်းသားချင်းများသာဖြစ်ကြသည်။

ပြည်ထောင်စုတိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သောလူမျိုးဘဝကို ပြန်လည်ရယူထိန်းသိမ်းနိုင်ခဲ့သည်။ နိုင်ငံတော်ကို ဆက်လက်ကာကွယ် စောင့်ရှောက်လျက်ရှိသည်။ ရှေ့ဆက်၍လည်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေး ဝိုင်းဝန်းတည်ဆောက်နေကြပြီဖြစ်သည်။

နိုင်ငံတော်အစိုးရက အစဉ်အမြဲ မှန်ကန်နေမည့် ထာဝရသစ္စာတရားဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် အမျိုးသားရေးမူဝါဒနှင့်အညီ ဒီမိုကရေစီ နိုင်ငံတော်သစ်ကို တည်ဆောက်လျက်ရှိရာ တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းပါဝင် ကြိုးပမ်းကြရမည်ဖြစ်သည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မြဲမှသာ တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ပေါ်ထွန်းလာနိုင်မည်ဖြစ်ရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပြည်ထောင်စုကြီး ဥမကွဲသိုက်မပျက်စေရေး အလေးထား ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။

တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးက အစဉ်အလာကောင်း၊ အခြေခံကောင်းများဖြင့် ပြည့်စုံနေသည့် ပြည်ထောင်စုကြီး၏ ထူးခြားသောဝိသေသဂုဏ်ရည်များကို ထာဝစဉ်တန်ဖိုးထားထိန်းသိမ်းပြီး အမျိုးသားရေးတာဝန်များကို ထမ်းဆောင်ကြခြင်းဖြင့် ငြိမ်းချမ်းသာယာဖွံ့ဖြိုးဝေစည်သော ပြည်ထောင်စုကြီး ထာဝစဉ်တည်တံ့ခိုင်မြဲနေမည်ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဖေဖော်ဝါရီ ၄ ရက်က သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ နှစ်(၆၀) ပြည့် လွတ်လပ်ရေးနေ့ ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. P.A.D. Samarasekera နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ဆက်သွယ်ရေးလုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၅

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်သည် ဖေဖော်ဝါရီ ၃ ရက်နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ကော့မှူးမြို့ရှိ ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းနှင့် ကွမ်းခြံကုန်းမြို့ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒေးဒရဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဖျာပုံခရိုင် ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ ဖျာပုံခရိုင်အတွင်း မြို့နယ်များ၏ ဆက်သွယ်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်ရေးဆိုင်ရာများကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းမှတစ်ဆင့် ဝန်ကြီးသည် ဖျာပုံမြို့ အပြည်ပြည်ဆိုင်ရာ ရေအောက်ကေဘယ်လ် ဆက်သွယ်ရေးစခန်းနှင့် ကျိုက်လတ်မြို့ အပြည်ပြည်ဆိုင်ရာ ရေအောက်ကေဘယ်လ် ဆက်သွယ်ရေးစခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး မအူပင်မြို့၌ ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ ဆက်သွယ်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်ရေး မှာကြားပြီး မအူပင်မြို့ အော်တိုအိတ်ချိန်းကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ဖျာပုံမြို့ အပြည်ပြည်ဆိုင်ရာ ရေအောက်ကေဘယ်လ်ဆက်သွယ်ရေးစခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (ဆက်သွယ်ရေး)

တရားရုံးချုပ်(နေပြည်တော်)ရုံးထိုင်စီရင်ချက်ချမှတ်

နေပြည်တော် ဖေဖော်ဝါရီ ၅

တရားရုံးချုပ်(မန္တလေး)ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တရားရုံးချုပ် (မန္တလေး) တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသော ဦးစန်းတင့်ရီနှင့် ဦးကျော်ဝင်းတို့ပါဝင်သောအထူးအယူခံရုံးသည် ဖေဖော်ဝါရီ ၃ ရက် နံနက် ၁၀ နာရီတွင် တရားရုံးချုပ် (နေပြည်တော်) တရားခွင် အမှတ်(၁)၌ ရုံးထိုင်၍ ပြစ်မှုဆိုင်ရာ အထူးအယူခံမှု (၁)မှုကို စီရင်ချက်ချမှတ်သည်။ ထို့အပြင် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေ ပုဒ်မ (၇)အရ တင်သွင်းသည့် ပြစ်မှု ဆိုင်ရာ အထူးအယူခံမှု (၅) မှုကို ကြားနာကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နှစ်ဖက်သောမိဘများကိုရည်စူး၍ ကမ္ဘာဇလွယ်အိတ်မိသားစု (ဗိုလ်ချုပ်ဈေးသစ်)မှ ဦးသက်ဝင်း–ဒေါ်နန်းအေးမြင့်၊ စိုင်းကောင်းစံ–ဒေါ်ခင်မေသက်၊ စိုင်းမင်းကျော်စံ၊ စိုင်းမော်ဟိန်း၊ နန်းယွန်းမီမီဦးတို့က ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူငွေကျပ်တစ်သိန်းနှင့် တိပိဋကကျောင်းတော် ဆွမ်းပဒေသာပင် အတွက် အလှူငွေကျပ်တစ်သိန်း စုစုပေါင်းနှစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ နန္ဒကထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ–နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အင်းစိန်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဘုရားဖူးနှင့်လေ့လာရေးခရီး

ရန်ကုန် ဖေဖော်ဝါရီ ၅

အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ကကြီးမှူး၍ အမှုဆောင်ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ–တောင်တွင်းကြီး)ဦးဆောင်၍ ပြည်မြို့ ရွှေဆံတော်ဘုရားနှင့် ပန်းတောင်းမြို့(ရွှေဘုံသာမုနိ)နှင့် တန်ခိုးကြီးဘုရားများ ဘုရားဖူးနှင့် ပျူခေတ် ရှေးဟောင်းယဉ်ကျေးမှု လေ့လာရေးခရီးစဉ်ကို ဖေဖော်ဝါရီ ၁၆ ရက်ည အင်းစိန်မှထွက်ပြီး ၁၇ ရက် တနင်္ဂနွေနေ့ ပြန်ရောက်မည်။

လိုက်ပါလိုသူများသည် အင်းစိန်မြို့နယ် စုပေါင်းရုံးဝင်းအတွင်းရှိ မြို့နယ်စာနယ်ဇင်းရုံးခန်း၌ ဥက္ကဋ္ဌ ဦးဘုန်းဝေ(ဒါရိုက်တာဘုန်းဝေ)၊ အတွင်းရေးမှူး ဦးသန်းစိုး (မြတ်လွမ်းနှောင်–ပုတီးကုန်း)၊ လေ့လာရေးအဖွဲ့ခေါင်းဆောင် ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ–တောင်တွင်းကြီး) တို့ထံတွင် ဖေဖော်ဝါရီ ၁၀ ရက်နောက်ဆုံးထား၍ ရုံးချိန်အတွင်း လိုက်ပါလိုသူများ စာရင်းပေးသွင်းနိုင်သည်။ (၆၁)

အထက(၂) လှိုင် အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၅

အထက(၂)လှိုင် (ယခင်ဒေါ်သာထက် အထက်တန်းကျောင်း)၏ န၀မ အကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ ၆ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ အာစရိယပူဇော်ပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) မွန်းလွဲ ၂ နာရီတွင် အဆိုပါကျောင်း သိင်္ဂီရွှေဝါခန်းမ၌ ကျင်းပမည် ဖြစ်သည်။

ရပ်ဝေးရပ်နီးမှ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဆရာဦးမင်းဇော် ဖုန်း–၅၆၃၅၉၅ လိုင်းခွဲ–၂၂၂၄၁၊ ဦးအုန်းကြူ ဖုန်း–၀၉၅၁၀၁၂၈၆၊ ၅၁၀၉၉၃၊ ဦးရဲနိုင်လင်း ၀၉၅၁၀၀၃၉၃၊ ဒေါ်စန်းစန်းဝင်း ၇၂၅၆၀၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

မီးဘေးကာကွယ်ရေးစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၅

တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် ပုဏ္ဏားကုန်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ မြို့နယ်သန္နေမီးသတ်တပ်ဖွဲ့၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဇန်နဝါရီ ၂၆ ရက်ကကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင်မီးသတ်ဦးစီးအရာရှိ ရဲသူရိန်သိန်းမြင့်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်ထွန်းနှင့်အဖွဲ့ဝင် များ၊ မြို့နယ် အရန်မီးသတ် ဒုတိယတပ်ရင်းမှူး ဦးမြဲအောင်နှင့် တပ်ဖွဲ့ဝင်များက ရပ်ကွက်အတွင်း မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲအိတ်၊ ရေအိတ်များ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး အရေးပေါ်မီးလောင်မှုဖြစ်ပွားပါက မီးငြိမ်းသတ် သရုပ်ပြသမှုများအား ဦးဒေါ်ရကားခြံလမ်း၌ ကျင်းပသည်။ **(အပေါ်ပုံ)** (၀၈)

သမိုင်းဝင် ရွှေမိုးညိုစေတီတော် အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၅

ပြည်ခရိုင် ရွှေတောင်မြို့နယ် နယ်လှည့်သာသနာပြုမဲ့ရှင်ဆရာတော် ဘဒ္ဒန္တခေမာစာရ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ရှေးဟောင်းသမိုင်းဝင် ရွှေမိုးညိုစေတီတော် မြတ်ကြီး ရှေးမူမပျက် ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် အလှူငွေ ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၃ရက် မွန်းလွဲ ၂နာရီတွင် ရွှေတောင်မြို့နယ် မီးလောင်ကျေးရွာအုပ်စု မာလကာကုန်းဥဒိန် ဘုန်းတော်ကြီးကျောင်း၌ကျင်းပရာ ရန်ကုန်မြို့မှ မဥမ္မာအောင်က ငွေကျပ် ကိုးသိန်း၊ အုတ်ဖိုမြို့ ထူးကုန်းကျေးရွာမှ ဒေါ်ဝင်းကြည်နှင့်အဖွဲ့၊ အုတ်ဖိုမြို့ ချောင်းနားစုကျေးရွာမှ ဒေါ်အေးသိန်းနှင့်အဖွဲ့နှင့် ရွှေတောင်ချည်မျှင်နှင့် အထည်အချောကိုင်စက်ရုံမှ ဒေါ်သဲသဲနှင့်အဖွဲ့တို့က ငွေကျပ် ကိုးသောင်း၊ သတင်းထောက်ဦးမြင့်နိုင်(ပြည်) –ဒေါ်ခင်ချိုမြင့် မိသားတစ်စုနှင့် ရွှေတောင်မြို့ ဦးသန်းမြင့်တို့က ငွေကျပ်တစ်သောင်းစီအပါအဝင် စုစုပေါင်း ငွေကျပ် ၁၂သိန်း တို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ရဟန္တာ ၈၀ ကျောင်းတိုက် နယ်လှည့်သာသနာပြုမဲ့ရှင်ဆရာတော် ဘဒ္ဒန္တခေမာ စာရက အနုမောဒနာတရားဟောကြား၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (က–ပ)

ရန်ငြိုးဖွဲ့သူ ရန်သူများ၏

ဤသူသည် ငါ့ကိုဆဲ၏။ ငါ့ကိုညှဉ်းပန်း၏။ ငါ့ကိုနိုင်၏။ ငါ၏ဥစ္စာကို ခိုး၏ဟူ၍ စိတ်၌ အမျက်ထားလျက် ရန်ငြိုးဖွဲ့သူ ရန်သူများ၏။

(ဓမ္မပဒ ၃)

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို ရောဝတီတိုင်းတွင် လမ်းသစ်များ ဖွင့်လှစ်

ရန်ကုန် ဖေဖော်ဝါရီ ၅

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသော ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့ မြို့လယ်လမ်းမကြီး ကတ္တရာထပ်ပိုးလွှာခင်း လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၇နာရီခွဲ တွင် အဆိုပါမုခ်ဦးနေရာ၌ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ဆွေနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်တို့ တက်ရောက်ကြသည်။ (အပေါ်ပုံ)

အဆိုပါလမ်းမှာ အရှည်ပေ ၁၅၅၀ ရှိကာ ဘဲဂရက်–ဒီးဒုတ် ကျေးလက်ကျောက်ချောလမ်းနှင့် လည်းကောင်း၊ သာယာကုန်း–ပိတောက်ပင်–လေးဆူ ကျေးလက် ကျောက်ချောလမ်းနှင့် လည်းကောင်း၊ မင်းကုန်းပိုင်း ကျောက်ချောလမ်းနှင့်လည်းကောင်း၊ ကန်ကြီးထောင့်မြို့လယ်မှ ဖြတ်သန်းသွားသည့် ရန်ကုန်–ပုသိမ် ကားလမ်းမကြီးနှင့် လည်းကောင်း ဆက်သွယ်လျက်ရှိပြီး ကန်ကြီးထောင့်မြို့ပေါ် (၇)ရပ်ကွက်မှ ပြည်သူများ၊ ဘဲဂရက်–ဒီးဒုတ် ကျေးလက်လမ်းအပိုင်းရှိ ကျေးရွာအုပ်စုခြောက်စုရှိ ကျေးလက်ပြည်သူများနှင့် ပိတောက်ပင်–လေးဆူကျေးလက်လမ်းအပိုင်းရှိ ကျေးရွာအုပ်စု ရှစ်အုပ်စုရှိ ကျေးလက်ပြည်သူများ လမ်းပန်းဆက်သွယ်မှုများစွာ အထောက်အကူပြုသည့် မြို့ပြနှင့် ကျေးလက်ဆက်သွယ်သည့် အဓိကလမ်းမကြီးတစ်ခု ဖြစ်သည်။

ယင်းနောက် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် ကျောင်းကုန်းမြို့နယ် မီးသွေးတိုက်–ပဲခူးစု ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြရာ တာဝန်ရှိသူတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်အဖွဲ့သည် လမ်းသစ်တစ်လျှောက် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

အဆိုပါလမ်းမှာ အရှည်တစ်မိုင်ရှိပြီး မူလမြေသားလမ်းကို ၂၀၀၇–၂၀၀၈ခု ဘဏ္ဍာရေးနှစ်မှစတင်၍ အပိုင်းလိုက် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်–ပုသိမ် ကားလမ်းမကြီးသို့ ဆက်သွယ်သောလမ်းဖြစ်ပြီး ကျောင်းကုန်းမြို့နယ် ကွမ်းခြံကုန်းကျေးရွာအုပ်စု၊ အိုးဘိုကျေးရွာအုပ်စု၊ ရင်ဆိုင်ကျေးရွာအုပ်စု၊ ဇလီထောင့်ကျေးရွာအုပ်စု၊ ရေဂလုပ်ကျေးရွာအုပ်စု၊ စပါယ်ရုံကျေးရွာအုပ်စု၊ လှေကွဲလဟာကျေးရွာအုပ်စု စုစုပေါင်း ကျေးရွာအုပ်စု ခုနစ်အုပ်စု၊ ကျေးရွာပေါင်း ၂၅ ရွာတို့၏ ဖွံ့ဖြိုးတိုးတက်မှုများတွင် အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးထံ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်နယ်အချို့တွင် ကျရောက်လျက်ရှိသော ဆီးနှင်းမုန်တိုင်းကြောင့် အသက်အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးရသည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာရန်ကျဲချီထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

အများပြည်သူသိရှိရန် အသိပေး နှိုးဆော်ချက်

၁။ နယ်စပ်များမှ တရားမဝင်တင်သွင်း၍ ဖမ်းဆီးရမိသော အောက်ဖော်ပြပါ ဆေးများမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း(မရှိ)သော ဆေးဝါးများဖြစ်ပါကြောင်းနှင့် ဆေးဝါးများမှာ အရည်အသွေးအာမခံချက်မရှိပါကြောင်း အသိပေးအပ်ပါသည်–

စဉ်	ဆေးအမည်	ထုတ်လုပ်သည့်ကုမ္ပဏီအမည်	နိုင်ငံ
၁။	Heroansan Tablet (Niclosamide 500mg Phenolphthalein 120mg)	Heromycin Pharma Co.,Ltd.	Thailand
၂။	Dexamethasone 0.5mg Tablet	New Life Pharma Co.,Ltd.	Thailand
၃။	Prednisolone 5mg Tablet(white)	New Life Pharma Co.,Ltd.	Thailand
၄။	Prednisolone 5mg Tablet(blue)	New Life Pharma Co.,Ltd.	Thailand
၅။	Prednisolone 5mg Tablet	Golden Cup P'cal Co.,Ltd.	Thailand

၂။ အများပြည်သူများသည် မြန်မာနိုင်ငံတွင်မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲပါရန် နှိုးဆော်ပါသည်။

၃။ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ရွှေရတုသာသနာ အောင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၅

စစ်ကိုင်းမြို့ မဟာသုဖောဓာရုံကျောင်းတိုက်သည် ၁၃၇၀ပြည့်နှစ် နယုန်လပြည့်နေ့တွင် နှစ်(၅၀)ပြည့်မြောက်မည်ဖြစ်သည်။ နှစ် (၅၀)ပြည့် ရွှေရတုသာသနာအောင်ပွဲကို အာရာမသမုဋ္ဌာပက အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တနာရဒမထေရ်မြတ်နှင့် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ သာသနာပြုတက္ကသိုလ်၊ စစ်ကိုင်းမြို့ သီတဂူ ကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ်တို့၏ ပါမောက္ခချုပ် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသ မထေရ်တို့၏ ဩဝါဒကိုခံယူလျက် ကျင်းပမည်ဖြစ်ရာ ဝံသိက အရှင်မြတ်များအနေဖြင့် အရှင်အဘိဇာတာဘိဝံသ (တိပိဋကဓရ) မဟာသုဖောဓာရုံကျောင်းတိုက် စစ်ကိုင်းမြို့ ဖုန်း–၀၇၂–၂၁၃၁၁ သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆–၂–၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM

၇း၀၀–၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅–၁း၀၅	"မဟာပဋ္ဌာန်းဝိပဿနာ"တရားတော်(အာရမ္မဏပစ္စည်း) (ဆရာတော်သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါယမ)
၈း၁၅–၂း၁၅	Industrial Talk [ပါမောက္ခဒေါက်တာဝင်းမော်၊ ဦးတင်အောင်ရွှေ(သုတေသီ)]
၈း၄၀–၂း၄၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၀၅–၃း၀၅	နိဗ္ဗာန်သို့ရည်မှန်းကုသိုလ်ယူမြတ်သောအလှူ
၉း၂၀–၃း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀–၃း၃၀	Midweek Sports News
၉း၄၅–၃း၄၅	တေးဂီတအစီအစဉ်
၉း၅၀–၃း၅၀	လောကုတ္တရာနှင့်သွားမှနိဗ္ဗာန်စံရတရားတော် [ဒေါက်တာချစ်ငယ်(ဒဿန)Ph.D]
၁၀း၀၅–၄း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၀–၄း၁၀	ထူးချွန်ထက်မြက်နိုင်ငံမျိုးဆက်
၁၀း၃၀–၄း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅–၄း၃၅	မိုးလေဝသခန့်မှန်းချက်
၁၀း၄၀–၄း၄၀	ကချင်ရိုးရာဝတ်စားဆင်ယင်မှု
၁၀း၄၅–၄း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀–၄း၅၀	စားချင်စဖွယ်နည်းအသွယ်သွယ် (ကြက်ဥမုန့်)
၁၁း၀၀–၅း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀–၅း၁၀	မန်းရွှေစက်တော်မှခြေတော်ရာဦးဖူးရအောင်
၁၁း၂၅–၅း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀–၅း၃၀	Yangon Panorama (Miss Now How 2007 ရွေးချယ်ပွဲအခမ်းအနား)
၁၁း၅၅–၅း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၀၀–၆း၀၀	အနာကြီးရောဂါကင်းဝေးရေးဆိုင်ရာကွင်းဆင်းဆောင်ရွက်ချက်များ
၁၂း၂၀–၆း၂၀	တေးဂီတအစီအစဉ်
၁၂း၂၅–၆း၂၅	International Video Topics (နာဖာတီတီနှင့်ပျောက်ဆုံးနေသောမင်းဆက်)
၁း၀၀–၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

တွေ့ဆုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တမူးမြို့ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနရုံး၌ နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာနဝန်ထမ်းများ၊ တမူးမြို့ ကုန်သည်ကြီးများအသင်းမှ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

★ **ရှေ့ဖုံးမှ**

ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဦးလွင်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကလေးလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ကလေးမြို့မှ တမူးမြို့သို့ရောက်ရှိကြပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနရုံးသို့ သွားရောက်၍ တမူးနယ်စပ်က ဆောင်ရွက်သည့် ပို့ကုန်ပစ္စည်းနမူနာများနှင့် သွင်းကုန်ပစ္စည်းနမူနာများကို ကြည့်ရှုကြသည်။

ဆက်လက်၍ နယ်စပ်ကုန်သွယ်ရေးရုံး၌ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမြင့်က နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန တမူးမြို့၏ ဝန်ထမ်းအင်အား၊ ရည်မှန်းချက်နှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ၂၀၀၆-၂၀၀၇ခုနှစ် ပို့ကုန်သွင်းကုန် ကုန်သွယ်မှုအခြေအနေနှင့် ၂၀၀၇-၂၀၀၈ခုနှစ် အခြေအနေ၊ Transit ကုန်သွယ်မှုအနေအထား၊ အခွန်အရပ်ရပ်ကောက်ခံရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်ရှင်းလင်း

ထို့နောက် တမူးမြို့ ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးလှမောင်က နယ်စပ်ကုန်သွယ်မှုဆိုင်ရာ အခြေအနေများကို ရှင်းလင်းတင်ပြရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များကို ထပ်မံမေးမြန်းပြီး မှာကြားရာတွင် တမူးဒေသသည် တစ်ဖက်အိမ်နီးချင်းနိုင်ငံနှင့်ဆက်စပ်နေသည့် နယ်စပ်မြို့ဖြစ်သည်နှင့်အညီ နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏဖွံ့ဖြိုးတိုးတက်လာအောင် နည်းလမ်းများရှာကြံရန်လိုကြောင်း။

မိမိတို့ကုန်သည်ကြီးများအသင်းကလည်း ကုန်သည်အဖွဲ့အစည်းအချင်းချင်း ဆက်သွယ်ညှိနှိုင်း၍ နှစ်နိုင်ငံအပြန်အလှန်ကုန်သွယ်မှုလုပ်ငန်း ဖြစ်ထွန်းအောင်မြင်သည်ထက် အောင်မြင်အောင် ကြိုးစားသွားရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံဘက်မှ သစ်အချောထည်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လယ်ယာထွက်ကုန်ပစ္စည်းများ၊ သားငါးများကို ပိုမိုတင်ပို့ရောင်းချနိုင်အောင် ဆက်လက်ကြိုးပမ်းကြရန်၊ ကုန်သွယ်မှုလုပ်ငန်းများကိုလည်း ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ စနစ်တကျလုပ်ကိုင်ကြရန်လိုကြောင်း။

နယ်စပ်ကုန်သွယ်ရေးမြို့ဖြစ်သည်နှင့်အညီ မိမိတို့ဒေသမှတစ်ဆင့် တရားမဝင်ကုန်သွယ်မှုများမဖြစ်ရအောင် ဝိုင်းဝန်းထိန်းသိမ်းတားဆီးရမည်ဖြစ်သကဲ့သို့ မိမိတို့နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်းအကျင့်ပျက်ပြားမှု၊ အဂတိလိုက်စားမှုများ မဖြစ်ရအောင် ရှောင်ရှားထိန်းသိမ်းကြရန် အရေးကြီးကြောင်း။

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးရေး၊ ပူးပေါင်းဆောင်ရွက်ရေးနှင့် ကုန်သွယ်မှုတိုးမြှင့်ရေးတို့အတွက် အစစ သတိထားလုပ်ကိုင်ဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တမူးမြို့ ဖွံ့ဖြိုးတိုးတက်လာမှု၊ နှစ်နိုင်ငံ နယ်စပ်တံတား တမူးမြို့သစ်၌ ကံကြီးဝတံတားသစ်တည်ဆောက်ပြီးစီးမှုနှင့် လမ်းသစ်များ တိုးချဲ့ဖောက်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ နယ်စပ်နန်းဖာလုံဈေးသို့ ဝင်ရောက်ကြပြီး ဈေးရောင်းဈေးဝယ်များဖြင့် စည်ကားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် (၂၅)ခုတင်ဆံ့ တမူးမြို့ပြည်သူ့ဆေးရုံသို့ဝင်ရောက်၍ လူနာများကို အားပေးကာ ဆေးသိုလှောင်ခန်း၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်းနှင့် ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆေးရုံဆေးပဒေသာပင်အတွက် အလှူငွေများကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာခင်မောင်ဌေးထံ ပေးအပ်လှူဒါန်းပြီး အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများအားတွေ့ဆုံ၍ အားပေး မှာကြားရာတွင် ဆရာဝန်၊ ဆရာမများအနေဖြင့် ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးရာ၌ ဆေးရုံ၊ ဆေးခန်းသို့ရောက်လာမှသာ ရောဂါများကို ကုသပေးရုံဖြင့် မလုံလောက်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တမူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တမူးခရိုင်နှင့်မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ကုန်သည်ကြီးများ၊ မြို့မိမြို့ဖများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပြည်သူများအား ကျန်းမာရေးအသိ၊ ကျန်းမာရေးပညာပေး၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း၊ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကွင်းဆင်း ဆောင်ရွက်ကြရန်လည်းလိုကြောင်း။

ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် ညီညွတ်အောင် နေထိုင်တတ်သည့် အသိပညာရှိစေရန်မှာ ကျန်းမာရေးဌာနနှင့် ကျန်းမာရေးဝန်ထမ်းများ၏ ကျယ်ပြန့်သော တာဝန်ဖြစ်ကြောင်း။

မိမိတို့တာဝန်ထမ်းဆောင်နေသည့်ဒေသရှိပြည်သူများသက်ရှည်ကျန်းမာအောင် ကြိုးကြိုးစားစား စေတနာထားဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တမူးခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့သွားရောက်ကြပြီး အစည်းအဝေးခန်းမ၌ တမူးခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကုန်သည်ကြီးများ၊ မြို့မိမြို့ဖ များနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တမူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးနိုင်က တမူးခရိုင်ဖွဲ့စည်းထားမှု၊ အကျယ်အဝန်းနှင့် လူဦးရေ၊ တရားဥပဒေ စိုးမိုးရေးအခြေအနေ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက် နိုင်မှု၊ ကိုယ့်အားကိုယ်ကိုးလမ်းများနှင့် ကျောင်းများတည်ဆောက်ဖောက်လုပ်မှု၊ စပါးခွံလောင်စာသုံးဓာတ်အားပေးစက်ရုံများ တည်ဆောက်မှု၊ မြေယာအသုံးချနိုင်မှု၊ ၂၀၀၇-၂၀၀၈ ခုနှစ် မိုးသီးနှံ၊ ဆောင်းသီးနှံ စိုက်ပျိုးရန် လျာထားချက်နှင့်စိုက်ပျိုး နိုင်မှု၊ဒေသဆန်၊ ဆီဖူလုံမှု၊ ဓိစည်းရိုးကြက်ဆူနှင့် ရော်ဘာစိုက်ပျိုးနိုင်မှု၊ အခွန်အရပ်ရပ်ကောက်ခံရရှိမှု၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး မြို့နယ်အတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကား ပြောကြားရာတွင် တမူးခရိုင် တမူးမြို့သည် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော မြို့ဖြစ်ကြောင်း၊ယခင်က လမ်းပန်းဆက်သွယ်ရေးနှင့် လုံခြုံရေးမကောင်းသဖြင့်တမူးမြို့နှင့် ကလေးမြို့ကို နှစ်ညအိပ်သုံးရက်ခန့်အချိန်ယူ၍ သွားလာခဲ့ရကြောင်း။

ယခုအခါ အိန္ဒိယနိုင်ငံနှင့် နှစ်နိုင်ငံပူးပေါင်းပြီး တမူး-ကလေး-ကလေးဝ ကားလမ်းကို အဆင့်မြှင့်တင်နိုင်သဖြင့် တမူးမြို့နှင့်ကလေးမြို့ နေ့ချင်းပြန်သွားလာ၍ ရနေပြီဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှုကောင်းမွန်လာခြင်း၊ နယ်မြေတည်ငြိမ်အေးချမ်း လာခြင်း၊ တရားဥပဒေစိုးမိုးလာခြင်း တို့ကြောင့် တမူးမြို့သည် သိသိသာသာ ပြောင်းလဲတိုးတက်လျက်ရှိကြောင်း။

နယ်စပ်မြို့ဖြစ်သည့်အလျောက် တမူးမြို့နယ်ကို ခရိုင်အဆင့်တိုးမြှင့်၍ အုပ်ချုပ်ရေးယန္တရား ပိုမိုခိုင်မာကျယ်ပြန့်အောင် ဆောင်ရွက်ထားပြီးလည်း ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်နယ်/တိုင်းနယ်မြေဒေသအားလုံး တစ်ပြိုင်တည်း မျှမျှတတဖွံ့ဖြိုးအောင် ဖွံ့ဖြိုးရေးစီမံကိန်းများချမှတ်၍ အကောင်အထည်ဖော် လျက်ရှိရာ တမူးမြို့သည်လည်း အခြားနယ်စပ်မြို့များကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုလမ်း ကြောင်းပေါ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း။

ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်ထက် တိုးတက်အောင်၊ တစ်ဖက်နိုင်ငံ၏ ကြီးမားသော ဈေးကွက်တွင် နီးကပ်စွာတည်ရှိနေသည့်အလျောက် ကုန်သွယ်ရောင်း ဝယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာအောင် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ဖြင့် ဖိဖိစီးစီး ကြိုးစားသင့်ကြောင်းမှာကြားပြီး နိုင်ငံတော်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ရင်းနှီးလုပ်ကိုင်ဆောင်ရွက်ထားမှုနှင့် တိုးတက်အောင်မြင်မှု အခြေအနေ၊

စာမျက်နှာ ၅ ကော်လံ ၁ သို့ ➪

➪ စာမျက်နှာ ၄ မှ

နိုင်ငံတော်ကို စက်မှုနိုင်ငံဖြစ်အောင် အခြေချ ထူထောင်လျက်ရှိသည့်အခြေအနေ၊ နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတိုးတက်မှုအခြေအနေ၊ နိုင်ငံတော်၏ ဖွံ့ဖြိုးရေးဒေသ ၂၄ခုဖွံ့ဖြိုးရေးအစီအမံ၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တို့ဖြင့် နိုင်ငံတော်ကြီးတစ်ရပ်လုံး ကွက်ပြည့်ဖွံ့ဖြိုးအောင်စီမံနေမှုနှင့် တမူးဒေသ အကျိုးဝင်ခံစားနေရမှုအခြေအနေ၊ ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံသားတိုင်း အမျိုးသားရေးတာဝန်အဖြစ် ခံယူရန်နှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ပြည့်စုံအောင်မြင်စွာ အကောင်အထည်ဖော်သွားရန် လိုအပ်ပုံတို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် တမူးမြို့မှ ကလေးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် (၂၅)ခုတင်ဆံ့ တမူးမြို့ ပြည်သူ့ဆေးရုံတွင် အထူးကု ဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပုသိမ်အသင်း အာစရိယပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၅

ပုသိမ်အသင်း(ရန်ကုန်)၏ အာစရိယပူဇော်ပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် (၈၇)နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၂၄ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် အမှတ်(၂၁/၄၃) စီ၊ ကြားတောရလမ်းရှိ ဧရာဝတီတိုင်း ဓမ္မာရုံ၌ကျင်းပမည်ဖြစ်သည်။

ရန်ကုန်မြို့နေ ပုသိမ်မြို့ အထက ကျောင်းများတွင် တာဝန်ထမ်းဆောင်ခဲ့သော အသက်(၇၅)နှစ်ပြည့်ပြီး သက်ကြီး ဆရာ/ဆရာမကြီးများ၊ အသက် (၇၅)နှစ်နှင့်အထက် ရာသက်ပန်အသင်းဝင်များသည် မှတ်ပုံတင် မိတ္တူဖြင့်လည်းကောင်း၊ ၂၀၀၇ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများသည် အမှတ်စာရင်း မိတ္တူဖြင့်လည်းကောင်း ဖေဖော်ဝါရီ ၁၅ရက်(သောကြာနေ့) နောက်ဆုံးထား၍ ဥက္ကဋ္ဌ ဦးစိုးဟန်လင်း၊ ဖုန်း–၀၉–၈၀–၂၃၃၀၇၊ ဒုတိယဥက္ကဋ္ဌ ဦးဘအေး၊ ဖုန်း–၆၆၁၆၈၅၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းအောင်လင်း၊ ဖုန်း–၀၉–၅၀–၁၃၇၀၉၊ အတွင်းရေးမှူး ဦးကျော်ကျော်ဝင်း၊ ဖုန်း–၀၉–၅၀–၀၆၁၂၈၊ ဘဏ္ဍာရေးမှူး ဦးလေးတင့် ဖုန်း–၂၂၁၉၇၈၊ ပုသိမ်အသင်း(ရန်ကုန်) ဖုန်း–၃၇၉၂၅၈ နှင့် အမှုဆောင်များထံ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။ (က–ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၆–၂–၂၀၀၈ (ဗုဒ္ဓဟူးနေ့)

၁၃၆၉ ခုနှစ်၊ ပြာသိုလကွယ်နေ့ (ဥပုသ်နေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈း၀၅ ၆။ အတီးပြိုင်ပွဲ
- ၈း၁၀ ၇။ (၆၁)နှစ်မြောက်ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
- ၈း၂၀ ၈။ တံတားမြစ်ငယ် အသစ်သွယ် လူမှုစီးပွားကြွယ်
- ၈း၃၀ ၉။ International News.
- ၈း၄၅ ၁၀။ Let's Go.
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (မြန်မာမှုပညာအထူးပြု) (မြန်မာမှုပညာ)
- ၄း၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၅း၀၀ ၅။ (၆၁)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၅း၁၅ ၆။ သီချင်းကြီးပဒေသာ
- ၅း၂၅ ၇။ (၆၁)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၅း၃၅ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၁။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၆း၅၀ ၁၂။ **"ဆုံဆည်းခွင့်" (မင်းထက်ကျော်ဇင်၊ ဖိုးသောကြာ၊ မြတ်ကေသီအောင်၊ ချစ်သုဝေ) [ဒါရိုက်တာ–သိန်းဟန်(ဖိုးနစ်)]**
- ၇း၀၀ ၁၃။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၇း၂၅ ၁၄။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၇း၃၅ ၁၅။ ရှုဖွယ်စုံညီမြန်မာပြည်
- ၇း၄၅ ၁၆။ ပြည်ထောင်စုစိတ်ဓာတ်မပြတ် ရှင်သန်ခိုင်မာစေရန်ဒို့ဝန်တာ (အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု)
- ၈း၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ FRANZ HARARAY'S MAGIC PLANET
- ၂၁။ **"အရဏ်ဦး၏ပုံရိပ်များ" (ကျော်ရဲအောင်၊ပန်းဖြူ၊သင်းသင်းယုလှိုင်)(ဒါရိုက်တာ–မောင်ဝဏ္ဏ)**
- ၂၂။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
- ၂၃။ နောက်တစ်နေ့အစီအစဉ်
- ၂၄။ အစီအစဉ်ပြီး၏။

ထွက်ခွာ

လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ဖေဖော်ဝါရီ ၅ရက်မှ ၈ရက်အထိ ကျင်းပမည့် (၁၄)ကြိမ်မြောက် အာဆီယံလူငယ်အစည်းအဝေးနှင့် အာဆီယံလူငယ်စွမ်းဆောင်ဆုပေးပွဲသို့ တက်ရောက်ရန် ထွက်ခွာသွားသူများနှင့် ပို့ဆောင်နှုတ်ဆက်သူများအား တွေ့ရစဉ်။ (သတင်းစဉ်)

သံဃာအပါး ၁၀၀၀ ကျော်အား အရုဏ်ဆွမ်းလောင်းလှူ

ဖျာပုံ ဖေဖော်ဝါရီ ၅

ဖျာပုံခရိုင် ဖျာပုံမြို့မ ဆွမ်းလောင်းအသင်းမှ စေတနာရှင်ပြည်သူတို့၏လှူဒါန်းမှုဖြင့် ကျောင်းပေါင်း ၆၀ ကျော်မှ သံဃာတော်အပါး ၁၀၀၀ ကျော်တို့အား ဝါပကာလအတွင်း နေ့စဉ်သံဃိကဒါန အရုဏ်ဆွမ်းလောင်းလှူလျက်ရှိရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် မိသားစု၏ အရုဏ်ဆွမ်းလောင်းလှူပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းတွင် ဖျာပုံမြို့ ရတနာ့သိဒ္ဓိသာသနဗိမာန်တော်၌ ကျင်းပရာ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးချစ်၊ အတွင်းရေးမှူး ဦးဘုန်းမြင့်နှင့် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးကြိုင်တို့ ဦးဆောင်၍ တိုင်း၊ ခရိုင်၊ မြို့နယ် အလုပ်အမှုဆောင်များ၊ အသင်းဝင်များက အရုဏ်ဆွမ်း လောင်းလှူကြကြောင်း သတင်းရရှိသည်။ (၅၄၀)

အာဆီယံလူငယ်နေ့ အစည်းအဝေးတက်ရောက်ရန်နှင့် အာဆီယံလူငယ်စွမ်းဆောင်ဆု လက်ခံယူရန် လာအိုနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၅

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ဖေဖော်ဝါရီ ၅ရက်မှ ၈ရက် အထိကျင်းပမည့် (၁၄)ကြိမ်မြောက် အာဆီယံလူငယ်အစည်းအဝေးနှင့် အာဆီယံလူငယ်စွမ်းဆောင်ဆုပေးပွဲသို့တက်ရောက်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်ဦးဆောင်၍ အာဆီယံလူငယ်စွမ်းဆောင်ဆုရှင် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း အလုပ်အမှုဆောင် ဒေါ်ချိုသီရိမောင်နှင့် ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)မှ ထူးချွန်လူငယ်ဒေါ်ချိုသက်တင် (နည်းပြ–ဂီတ)တို့သည် ဖေဖော်ဝါရီ ၄ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှထွက်ခွာကြရာ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း တည်ထောင်သူ အကြံပေးပုဂ္ဂိုလ် ဒေါ်ရီရီမြင့်၊ အသင်းဥက္ကဋ္ဌဒေါ်ခင်မြင့်မြင့်နှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သနပ်ပင်မြို့ ဘူတာပိုင်းရပ်ကွက် ဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၅

သနပ်ပင်မြို့ ဘူတာပိုင်းရပ်ကွက် ဓမ္မသဘင်ကို ဘူတာပိုင်း စနေဆွမ်းလောင်း ဓမ္မာရုံရှေ့၌ ဖေဖော်ဝါရီလအတွင်း ခုနစ်ညတိုင်တိုင်ညစဉ် ၇နာရီတွင် ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၇ရက်တွင် ခရမ်းကျေးရွာ ဓမ္မမေဒနီကျောင်းဆရာတော် ဘဒ္ဒန္တ ဝေရောစန၊ ၈ရက်တွင် ပဲခူးမြို့ ဝေဘုဓမ္မရိပ်သာဆရာတော် ရွှေဘိုအရှင် အာလောက၊ ၉ရက်တွင် အင်းမနယ်လှည့်ဓမ္မကထိက အရှင် ရာဇိန္ဒ၊ ၁၀ရက်တွင် သန်လျင်မြို့ မဟာ ရာမကျောင်းတိုက်ဆရာတော် အရှင် တေဇနိယ၊ ၁၁ရက်တွင် ဓမ္မကထိက ဗဟုဇနဟိတရေ အရှင်ဇာဂရ၊ ၁၂ရက်တွင် သနပ်ပင်မြို့ ဓမ္မပါလကျောင်း ဆရာတော် အရှင်နေမိန္ဒ၊ ၁၃ ရက်တွင် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ပါမောက္ခသီတဂူဒေါက်တာ အရှင်ဣန္ဒကတို့က တရားတော်များ ဟောကြားကြမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

ပညာရေးဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများတွေ့ဆုံပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၅

ရန်ကုန် ပညာရေးတက္ကသိုလ်၏ ၁၉၆၉ခုနှစ်တက်ရောက်ပြီး ၁၉၇၄ခုနှစ် ပညာရေးဘွဲ့ရ ကျောင်းသားကျောင်းသူဟောင်းများ တတိယအကြိမ်တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၁၀ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီး ပန်းကန်လုံးကျွန်း (နားနေဆောင်)၌ ကျင်းပမည်ဖြစ်၍ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် လက်ဆောင်ပစ္စည်းများလဲလှယ်ရန် အစီအစဉ်ပါရှိသဖြင့် ကြိုတင်ယူဆောင်လာရန်နှင့် သိရှိလိုသည်များကို ဦးကျော်သောင်း ဖုန်း–၅၅၂၂၉၇နှင့် ဒေါ်ကြူကြူရွှေ ဖုန်း–၀၉၅၀၀၂၈၇၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရသည်။ (က–ပ)

တီထွင်မှုအချက်အလက်များနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဟောပြောမည်

ရန်ကုန် ဖေဖော်ဝါရီ ၅

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ပူးပေါင်း၍ စီးပွားရေး၊ စီမံခန့်ခွဲရေးဘာသာရပ်ဆိုင်ရာ ဟောပြောပွဲများကို စနေတစ်ပတ်ခြားကျင်းပလျက်ရှိရာ ဖေဖော်ဝါရီ ၉ရက် မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဦးမင်းတေဇာညွန့်တင် (Councillor ASEAN IPA)က တီထွင်မှုအချက်အလက်များနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု(Patent Information Economics Growth)ခေါင်းစဉ်ဖြင့်ဟောပြောမည်ဖြစ်ပြီး မည်သူမဆိုတက်ရောက်နိုင်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

သံချပ်ကာယာဉ်ဖောက်ထွင်းနိုင်သည့်ဗုံး အီရန်က အီရတ်သို့ ဖြည့်ဆည်းနေ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၄

ဖျက်အားပြင်းသည့် လမ်းဘေးဗုံး အသုံးပြုပြီး အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်၏ အထင်ကရနေရာတို့တွင် တိုက်ခိုက်ခဲ့မှုအကြိမ်သည် ယခုနှစ်အတွင်း အများဆုံးအဆင့်အထိ ရောက်ရှိခဲ့ကြောင်း အမေရိကန် စစ်ဘက်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

သံချပ်ကာယာဉ်ကို ဖောက်ထွင်းနိုင်သည့် အင်အားပြင်းဗုံး (အီးအက်ဖ်ပီ) အပါအဝင် ခေတ်မီလက်နက်များကို အီရန်က အမေရိကန်တပ်ဖွဲ့ဝင်များအား တိုက်ခိုက်ရန် အီရတ်ရှိ ရှီးယိုက်စစ်သွေးကြွများသို့ ဖြည့်ဆည်းပေးနေသည်ဟု အမေရိကန်က စွပ်စွဲပြောကြားသည်။ သို့ရာတွင် အီရန်က ယင်းစွပ်စွဲချက်ကို ငြင်းဆန်ခဲ့သည်။

ရှီးယိုက်ခေါင်းဆောင် အယ်လ်-ဆာဒီ၏ မီဒီအရပ်သား လက်နက်ကိုင်တပ်ဖွဲ့များ၏ ခြေကုပ်စခန်းဖြစ်သည့် ဆာဒါမြို့၏ ဆင်းရဲသား ရပ်ကွက်အပါအဝင် ဘဂ္ဂဒက်မြို့တော်၏ အရှေ့ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင် အီးအက်ဖ်ပီ အသုံးပြု တိုက်ခိုက်မှု လွန်ခဲ့သည့်လအတွင်းက ၁၂ ကြိမ်ဖြစ်ပွားခဲ့သည်ဟု စစ်ဘက်က ပြောကြားသည်။

ယင်းဒေသတွင် ယခုနှစ်အတွင်း တိုက်ခိုက်မှု အများဆုံး ပေါ်ပေါက်ခဲ့သည်ဟု စစ်ဘက်ကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။

ဆိုမာလီယာကမ်းလွန်ပြင်တွင် ရုရှားဆွဲသင်္ဘောတစ်စင်း ဓားပြများကသိမ်းယူ

မော်စကို ဖေဖော်ဝါရီ ၅

ဆိုမာလီယာနိုင်ငံ၏ ကမ်းလွန်ပြင်တစ်နေရာတွင် ပင်လယ်ဓားပြများက ရုရှားနိုင်ငံမှ ဆွဲသင်္ဘောတစ်စင်းကို သိမ်းယူခဲ့ကြောင်း ရုရှားမီဒီယာသတင်းဌာနက တနင်္ဂနွေနေ့တွင် ဖော်ပြသည်

အဆိုပါသင်္ဘော၏ အမည်သည် စဗစ်ဆာကော်ဆာကော့ဖ်ဖြစ်ပြီး ဗြိတိန်လူမျိုးနှစ်ဦးနှင့် ရုရှားလူမျိုးလေးဦးတို့ စီးနင်း လိုက်ပါခဲ့သည်ကြသည်ဟု နိုဗော့စတီသတင်းဌာနကဖော်ပြသည်။

အဆိုပါသင်္ဘောကို ပင်လယ်ဓားပြများက ဆိုမာလီယာနိုင်ငံအနီးတွင် ဖေဖော်ဝါရီ ၁ရက် မွန်းလွဲ ၁နာရီတွင် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

အဆိုပါသင်္ဘောကို စိန့်ပီတာစဘတ်မြို့တွင် လွန်ခဲ့သည့်လအတွင်း ရေချခဲ့ခြင်းဖြစ်ပြီး ဆာခါလင်ရေနံနှင့် ဓာတ်ငွေ့စီမံကိန်းအတွက် အသုံးပြုရန် ရည်ရွယ်ထားကာ ဆာခါလင်ကျွန်းသို့ အသွားလမ်းခရီးတွင် အသိမ်းခံရခြင်း ဖြစ်သည်။

ပင်လယ်ဓားပြများက အဆိုပါသင်္ဘောကို မိုဂါဒစ်ရှုးမြို့သို့ယူဆောင်သွားဖွယ်ရှိသည်ဟု အထက်ပါသတင်းဌာနကဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ချဒ်နိုင်ငံ အင်ဂျာမီနာလေဆိပ်အနီးတွင် နိုင်ငံခြားသားများအတွက် လုံခြုံရေးစောင့်ကြပ်ပေးနေသော ပြင်သစ်တပ်ဖွဲ့များကို ဖေဖော်ဝါရီ ၄ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ချဒ်နိုင်ငံရှိ ပြင်သစ်တပ်ဖွဲ့များနှင့် သူပုန်များအကြား အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွား

ပါရီ ဖေဖော်ဝါရီ ၅

ချဒ်နိုင်ငံ အင်ဂျာမီနာလေဆိပ်မှ နိုင်ငံခြားသားများ လေကြောင်းခရီးဖြင့် ထွက်ခွာလျက်ရှိသည်။ ဖေဖော်ဝါရီ ၂ရက်က ယင်းလေဆိပ်အနီးသို့ ချဒ်သူပုန်များချဉ်းကပ်လာသဖြင့် ပြင်သစ်တပ်ဖွဲ့နှင့် တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း ပြင်သစ်စစ်ဌာနချုပ်က တနင်္လာနေ့တွင် ပြောကြားသည်။

လုံခြုံရေးစောင့်ရှောက်

ပြင်သစ်တပ်ဖွဲ့များသည် ဌာနေသို့ ပြန်မည့် နိုင်ငံခြားသားများ၏ လုံခြုံရေးကို စောင့်ရှောက်ပေးနေသော တပ်ဖွဲ့များဖြစ်သည်။ချဒ်နိုင်ငံမြို့တော် အင်ဂျာမီနာလေဆိပ်တွင် ပြင်သစ် မီရာ့ချ် အက်ဖ်-၁ လေယာဉ်များ ရပ်နားထားသည်။ သို့သော် ထိုလေယာဉ်များသည် သူပုန်တပ်ဖွဲ့နှင့် အစိုးရတပ်ဖွဲ့များအကြား တိုက်ခိုက်မှုတွင် ပိတ်မိနေမည်ကို စိုးရိမ်သည့်အတွက် ဖေဖော်ဝါရီ ၃ ရက်က လေဆိပ်မှ ထွက်ခွာသွားခဲ့ကြသည်။

ပြန်လည်ရောက်ရှိ

ယခုအခါ အဆိုပါလေယာဉ်များ လေဆိပ်သို့ ပြန်လည်ရောက်ရှိနေပြီး လေကြောင်းကင်းထောက်လုပ်ငန်းကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်ဟု စစ်ဦးစီးအရာရှိ ဗိုလ်ကြီးခရစ္စတိုဖီပရာဇစ်က ပါရီလေဆိပ်တွင် သတင်းထောက်များအား ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဒါဖာမြောက်ပိုင်းတွင် တိုက်ခိုက်မှု ဖြစ်ပွား ငါးဦးသေဆုံး

ခါတွမ် ဖေဖော်ဝါရီ ၄

ဒါဖာဒေသမြောက်ပိုင်းရှိ ကေလာမန်ဒူမြို့တွင် သောင်းကျန်းသူများနှင့် ပြည်နယ် အာဏာပိုင်များတိုက်ခိုက်မှုဖြစ်ပွားခဲ့သဖြင့် လူငါးဦး သေဆုံးကြောင်း၊ တာဝန်ရှိပုဂ္ဂိုလ်များက စနေနေ့တွင် ပြောကြားသည်။ သို့ရာတွင် နှစ်ဦးနှစ်ဖက်စလုံးက တိုက်ခိုက်မှုအသေးစိတ် သတင်းဖော်ပြရာတွင် ကွဲလွဲမှုရှိနေသည်။

သောင်းကျန်းသူများနှင့် တိုက်ခိုက်ရာ၌ ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် အရပ်သားသုံးဦး သေဆုံးခဲ့သည်ဟု ဒါဖာမြောက်ပိုင်း ပြည်နယ်မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။ ဆူဒန် လွတ်မြောက်ရေး တပ်မတော်/အက်စ်အယ်လ်အေ ညီညွတ်ရေးအဖွဲ့က ဆူဒန်တပ်မတော်၏ရန်ကို ကာကွယ်ခဲ့ခြင်းသာဖြစ်သည်ဟု ပြောကြားသည်။

သောင်းကျန်းသူများက ကေလာမန်ဒူမြို့အတွင်း ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး လူငါးဦးကိုသတ်ဖြတ်ခဲ့ကြောင်း၊ကြာသပတေးနေ့ ညနေ ၅ နာရီခန့်တွင် တိုက်ခိုက်ခြင်းဖြစ်ကြောင်း တာဝန်ရှိပုဂ္ဂိုလ် အဘာမ်အေယွတ်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

တရုတ်နိုင်ငံ လန်ဇိုးအရပ်ရှိ အဝေးပြေးလမ်းမပေါ်၌ ဆီးနှင်းခဲများကို တပ်မတော်သားများက သံချပ်ကာယာဉ်တစ်စီးဖြင့် ရှင်းလင်းနေသည်ကို ဖေဖော်ဝါရီ ၂ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဆီးနှင်းဒဏ်ကြောင့် ရေခဲဖုံးနေသောလမ်းများအား တရုတ်တပ်မတော်မှ တင့်ကားများကို အသုံးပြုရှင်းလင်း

ချောင်ဟူ (အန်ဟွေး) ဖေဖော်ဝါရီ ၅

တရုတ်နိုင်ငံ အန်ဟွေးပြည်နယ်ရှိ ရေခဲနှင့်ဆီးနှင်းများဖုံးလွှမ်းနေသော အဝေးပြေးလမ်းများကို ရှင်းလင်းရန် တရုတ်ပြည်သူ့တပ်မတော်မှ တင့်ကားများကို စေလွှတ်ခဲ့သည်။

တင့်ကားနှစ်စီးသည် အဝေးပြေးလမ်းမရှိ အရှည် ကီလိုမီတာ ၁၁၀ ပေါ်ရှိ နှင်းခဲများကို ဖေဖော်ဝါရီ ၃ရက်တွင် ရှင်းလင်းခဲ့ပြီးဖြစ်ကြောင်း စစ်ဘက်သတင်းရပ်ကွက်က ပြောကြားသည်။

ပြီးခဲ့သောသီတင်းပတ်က ကျခဲ့သော နှင်းမုန်တိုင်းဒဏ်ကြောင့် ဟီဖီ ဝူဟာန်အဝေးပြေးလမ်းမနှင့် အခြားအဝေးပြေးလမ်းမတစ်ခုတို့မှာ နှင်းများဖြင့် လမ်းပိတ်သွား၍ ကားအစီးပေါင်းထောင်နှင့်ချီကာ လမ်းပေါ်တွင် သောင်တင်နေခဲ့သည်။

ရာသီဥတုဆိုးရွား

လမ်းများပေါ်မှ နှင်းများကို ရှင်းလင်းရန် တင့်ကားများကို ဇန်နဝါရီလကုန် ရက်ကတည်းက စေလွှတ်ခဲ့သည်။ ရာသီဥတု ဆိုးရွားမှုကြောင့် လုပ်ငန်းများမတွင်ကျယ်ဘဲ နာရီ ၃၀ကျော်ကြာ ရှင်းလင်းခဲ့ရသည်။

ကူညီဆောင်ရွက်ပေးနေ

နှင်းမုန်တိုင်းဒဏ်ကြောင့် ဖြစ်ပေါ်လာသော ပြဿနာများကို တရုတ်ပြည်သူ့တပ်မတော်မှ တပ်ဖွဲ့ဝင် ၃၆၀၀၀ တို့က ကူညီဆောင်ရွက်ပေးနေသည်။ ပြည်သူ့စစ်နှင့် အရန်တပ်ဖွဲ့ဝင်အင်အား ၁ဒသမ၀၇ သန်းတို့ကလည်း ပါဝင်ကူညီသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံတွင် ဆီးနှင်းများကျဆင်းမှုကြောင့် ရပ်နားထားခဲ့ရသော လေယာဉ်ခရီးစဉ်ပြန်လည်ပြေးဆွဲရန် ရှန်ဟိုင်းမြို့ လေဆိပ်၌ ရှင်းလင်း ဆောင်ရွက်နေသည်ကို ဖေဖော်ဝါရီ ၄ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အိန္ဒိယ၌ လေးထပ်ဟိုတယ်ပြိုကျ ၁၂ဦးထက်မနည်း သေဆုံး

နယူးဒေလီ ဖေဖော်ဝါရီ ၄

အိန္ဒိယနိုင်ငံ အနောက်ပိုင်း အာမီဒါဘတ်ခ်မြို့တွင် ဖေဖော်ဝါရီ ၃ ရက်နံနက်က လေးထပ်ဟိုတယ် အဆောက်အအုံ ပြိုကျရာ ၁၂ ဦး ထက်မနည်းသေဆုံးပြီး ဒဏ်ရာရရှိသူများရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနက ဖော်ပြသည်။

အဆိုပါ ဟိုတယ်သည် အာမီဒါဘတ်ခ်မြို့ ရထားလမ်းဆုံ အနီးတွင်ရှိပြီး လူ ၁၂၀ တည်းခိုနိုင်သည့် အဆောက်အအုံဖြစ်သည်ဟု အင်ဒို-အာရှ သတင်းဌာနက ဖော်ပြသည်။

ဒဏ်ရာရရှိသူများကို ဆေးရုံသို့တင်ခဲ့ကြောင်း၊ အဆောက်အအုံအပျက်အစီးများအောက်တွင် ပိမိနေသူများရှိမည်ကို ဒေသဆိုင်ရာ တာဝန်ရှိသူများက စိုးရိမ်ပူပန်လျက်ရှိကြောင်း ပြောကြားသည်။

ယင်းအဆောက်အအုံမှာ အနည်းငယ် စောင်းနေသဖြင့် အာဏာပိုင်များက အသုံးမပြုရန် သတိပေးချက်ထုတ်ပြန်ကာ တည်းခိုနေသူများကို ပြောင်းရွှေ့ခိုင်းထားကြောင်း တာဝန်ရှိသူက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ကချင်ပြည်နယ်

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈	၂၀၀၇	တိုးတက်မှု
၁	စိုက်ပျိုးမြေဧရိယာ	ဧက	၃၇၉၅၁၂	၇၃၆၆၃၇	၃၅၇၁၂၅
၂	မြစ်ရေတင်လုပ်ငန်း	ခု	-	၄	၄
၃	ကြိုးပြင်ကာကွယ်တော	စတုရန်းမိုင်	-	၃၆၁၅	၃၆၁၅
၄	ကားလမ်း	မိုင်	၁၄၇၁	၁၈၀၈	၃၃၇
၅	ပေ ၁၈၀အထက်တံတား	စင်း	၂၇	၆၅	၃၈
၆	စာတိုက်စခန်း	ခု	၆၄	၈၂	၁၈
၇	ကြေးနန်းရုံး	ရုံး	၂၀	၃၁	၁၁
၈	တယ်လီဖုန်းရုံး	ရုံး	၁၂	၅၅	၄၃
၉	မိုက္ကရိုဝေ့ဖ်စခန်း	ခု	-	၁၅	၁၅
၁၀	ရေအားလျှပ်စစ်စက်ရုံ	ရုံ	၁	၅	၄
၁၁	ပုဂ္ဂလိကစက်ရုံ	ရုံ	၆၀၁	၉၉၄	၃၉၃
၁၂	အခြေခံပညာကျောင်း	ကျောင်း	၁၁၇၈	၁၃၇၉	၂၀၁
၁၃	တက္ကသိုလ်၊ ကောလိပ်	ခု	၁	၄	၃
၁၄	နည်းပညာတက္ကသိုလ်၊ ကောလိပ်	ခု	-	၃	၃
၁၅	ကွန်ပျူတာတက္ကသိုလ်	ခု	-	၂	၂
၁၆	ဆေးရုံများ	ရုံ	၃၅	၄၅	၁၀
၁၇	ဂြိုဟ်တုစခန်း	ခု	-	၃	၃

နိုင်ငံတော်အစိုးရက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ ချမှတ်၍ ဖော်ဆောင်ပေးလျက်ရှိရာတွင် ကချင်ပြည်နယ် ချီဖွေမြို့နယ် ပန်ဝါဒေသကို ဖွံ့ဖြိုးတိုးတက်သော မြို့တစ်မြို့အဖြစ် တည်ဆောက်ပေးထားသည်။

(၆၁)နှစ်မြောက်ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြု

နည်းပညာတက္ကသိုလ် (မြစ်ကြီးနား)

ကချင်ပြည်နယ် အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများ အဆင့်မြင့် နည်းပညာ သင်ကြားမှု အခွင့်အလမ်းများ ရရှိစေရန်အတွက်ကချင်ပြည်နယ် မြစ်ကြီးနားမြို့ တွင် တည် ဆောက်ပေးထားသော နည်းပညာ တက္ကသိုလ်(မြစ်ကြီးနား) ကို ခံ့ညား ထည်ဝါစွာ တွေ့ရစဉ်။

မိုးကောင်း တံတား

ကချင်ပြည်နယ် မြစ်ကြီးနား ခရိုင် မိုးကောင်းမြို့နယ်တွင် သွားလာ ဆက်သွယ်မှု လွယ်ကူ ချောမွေ့ ရန်အတွက် တည်ဆောက်ပေးထားသော မိုးကောင်း တံတား။

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

သမိုင်းစဉ်ဆက် ကြံ့ခိုင်ခဲ့သော တိုင်းရင်းသားစည်းလုံးညီညွတ်မှုခွန်အားဖြင့် မြန်မာတို့၏ ပြည်ထောင်စုကြီး ထာဝရတည်တံ့ ငြိမ်းချမ်းဖွံ့ဖြိုးစေမည်

"ပြည်ထောင်စုနေ့" ဟူသည် မြန်မာတိုင်းရင်းသားတို့၏ ညီညွတ်မှု၊ စည်းလုံးမှု၊ သမိုင်း၏ဂုဏ်ဒြပ် ဖြစ်လေသည်။ ဤပြည်ထောင်စုတည်းဟူသော ဤတစ်မြေတည်းပေါ် အတူဖွားကြသည့် သွေးချင်းသားချင်း တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ဇာတိပုညဂုဏ်မာန၏ သင်္ကေတလည်း ဖြစ်ပေသည်။

"မြန်မာ"ဟူသည် အချုပ်အခြာအာဏာပိုင် ဤမြေပေါ်၌ သမိုင်းတစ်လျှောက် မရှိအတူ ရှိအတူ၊ အေးတူပူမျှ အတူတကွ ဥမကွဲသိုက်မပျက် အစဉ်အဆက် ယှဉ်တွဲနေထိုင်ခဲ့သော မိသားစု၊ ဆွေမျိုးစု (Clan)၊ လူမျိုးနွယ်စု (Tribe)၊ လူမျိုးစု (ဝါ) တိုင်းရင်းသားလူမျိုး (Minority or Nationality)တို့၏ အစုအပေါင်း အမည်နာမ(ဒဗ္ဗနာမ်)ဖြစ်လေသည်။ **မြန်မာတို့သည် ကိုယ့်နိုင်ငံ နယ်နိမိတ်အတွင်း၌ အေးချမ်းစွာ နေထိုင်ခဲ့ကြသည်။ မည်သူ့ကိုမျှ ရန်မလို၊ မည်သည့်နိုင်ငံနယ်မြေကိုမျှမထိပါး မကျူးကျော်၊ မိမိ၏မြေကို ကျူးကျော်လာသူများကိုမူ တစ်လက်မမျှ အကျူးမခံ တွန်းလှန်ခဲ့သည်။ ဗြိတိသျှ နယ်ချဲ့သမားတို့၏ အကြောင်းမဲ့၊ အသားလွတ် မြန်မာနိုင်ငံကို ပထမအကြိမ် ကျူးကျော်စဉ် (၁၈၂၄)၊ ဒုတိယအကြိမ် ကျူးကျော်စဉ်(၁၈၅၂)၊ တတိယအကြိမ် ကျူးကျော်စဉ် (၁၈၈၅) ကာလများတွင် မြန်မာတိုင်းရင်းသားတို့၏ သမိုင်းပြောင်သော ဇာတိသွေး၊ ဇာတိမာန်၊ သူ့ကျွန်မခံ အမျိုးစောင့်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ချစ်စိတ်ဓာတ်တို့နှင့်အတူ စည်းလုံးညီညွတ်မှုကို ပြသခဲ့သည်။**

ကျူးကျော်နယ်ချဲ့သမားများကို ခုခံတွန်းလှန်သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းအပါအဝင် တိုင်းရင်းသားလူမျိုးများ၏ ရင်တွင်းဖြစ်မျိုးချစ်စိတ်နှင့် စည်းလုံးမှုကိုလည်းကောင်း၊ အမျိုးကိုထိလျှင် မချိအောင်နာတတ်သည့် ဝံသာနုရက္ခိတစိတ်ဓာတ်ခိုင်မာမှုကိုလည်းကောင်း၊ တိုင်းရင်းသားပေါင်းစုံ၏ စည်းလုံးညီညွတ်မှုခွန်အားနှင့် စွမ်းပကားကိုလည်းကောင်း ဗြိတိသျှနယ်ချဲ့သမားတို့ ကောင်းစွာ နားလည်သွားခဲ့သည်။ ၁၈၈၅ ခုနှစ်မှ ၁၉၀၀ ပြည့်လွန်နှစ်များအထိ ခုခံတွန်းလှန်တိုက်ခိုက်နေသော မြန်မာတိုင်းရင်းသားပေါင်းစုံ မျိုးချစ်ပြောက်ကျားတပ်များကို နှိမ်နင်းနိုင်ရန် အိန္ဒိယမှ တပ်ကူများ သောင်းချီခေါ်ယူ အသုံးပြုခဲ့ရသည်။ တောင်ပေါ်ဒေသများတွင် မြေလှန်စနစ်ဖြင့် တိုင်းရင်းသား အရပ်သူ၊ အရပ်သားများကို ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်ခဲ့ကြသည်။

မြန်မာတို့သည် လက်နက်ကိုင် ခုခံတွန်းလှန်သော တိုက်ပွဲများ မလုပ်သောအခါ ဗြိတိသျှတို့သိမ်းပိုက် ကုပ်သွေးစုပ်နေသော ဤမြန်မာ့မြေ၊ မြန်မာပြည်သူနှင့် မြန်မာ့အချုပ်အခြာအာဏာကို ပြန်လည်တိုက်ယူသော အမျိုးသားလွတ်မြောက်ရေးကြိုးပမ်းမှုကြီးကို ၁၉၀၀ ပြည့်လွန်နှစ်များမှ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့(လွတ်လပ်သည့်)အထိ အမျိုးသားနိုင်ငံရေးကို တူညီစွာ ခံယူကြိုးပမ်းခဲ့ကြသည်။ ဖက်ဆစ်တော်လှန်ရေးတွင်လည်း တိုင်းရင်းသားပေါင်းစုံသည် တော်လှန်ရေးကြယ်ဖြူပွင့်ကြီးကို လက်မောင်းတွင်ပတ်ကာ မြန်မာ့ဇာတိသွေး ပြသခဲ့သည်။

ဗြိတိသျှတို့သည် ၁၈၈၆ ခုနှစ်မှစပြီး မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်စိုးမိုးသောအခါ အဓိကချမှတ်သော ယင်းတို့၏ မဟာဗျူဟာကား ညီညွတ်စည်းလုံးလွန်းလှသော မြန်မာတိုင်းရင်းသားများ၏ ဒေသများကို ခွဲခြားအုပ်ချုပ်သည့်ပုံစံများ ချမှတ်ရန်ဖြစ်သည်။ တိုင်းရင်းသားချင်း မထိတွေ့မစုစည်းနိုင်ရန် တိုင်းရင်းသားဒေသတစ်ခု ဥပဒေတစ်မျိုး၊ အုပ်ချုပ်ရေးပုံစံတစ်မျိုးဖြင့် အုပ်ချုပ်ခဲ့သည်။ နယ်ချဲ့တို့၏ နည်းဗျူဟာကား ဖေဒဥပါယ်(သွေးခွဲအုပ်ချုပ်ခြင်း)Divide and Rule ဖြစ်သည်။ မြန်မာတို့၏ စည်းလုံးညီညွတ်မှုကို ဗြိတိသျှ နယ်ချဲ့သမားတို့ အကြောက်ကြီးကြောက်ခဲ့ကြောင်း ဤလုပ်ရပ်များက ပေါ်လွင်ထင်ရှားစေခဲ့သည်။

ဗြိတိသျှတို့သည် တောင်ပေါ်တိုင်းရင်းသားတို့ နေထိုင်ရာ တောင်တန်းဒေသကို အမည်အမျိုးမျိုးမှည့်ခေါ်ပြီး မြေပြန့်နေ တိုင်းရင်းသားတို့နှင့် အဆင့်အတန်းခွဲခြားခဲ့သည်။ သွေးခွဲအုပ်စိုးမှု ပရိယာယ်တစ်ခုပင်ဖြစ်သည်။ တောင်တန်းဒေသများကို ဒိုင်အာခီအုပ်ချုပ်ရေးခေတ်(၁၉၂၃ခုနှစ်) မတိုင်မီက "ခေတ်နောက်ကျသောဒေသများ"ဟူ၍လည်းကောင်း၊ ဒိုင်အာခီခေတ်တွင် "ခြွင်းချန်ဒေသများ" (Scheduled Area)ဟူ၍ လည်းကောင်း၊ ၉၁ ဌာနအုပ်ချုပ်ရေးခေတ်(၁၉၃၇ခုနှစ်)တွင် "သီးခြားဒေသများ"ဟူ၍လည်းကောင်း၊ ဒုတိယကမ္ဘာစစ်အပြီး ဗြိတိသျှ စစ်ပြေးအစိုးရ မြန်မာနိုင်ငံအတွင်း (မြန်မာတို့က ဖက်ဆစ်တို့ကို မောင်းထုတ်အပြီး) ဝင်လာသောအခါ "နယ်ခြားဒေသများ"ဟူ၍ လည်းကောင်း ပြောင်းလဲမှည့်ခေါ်ခဲ့သည်။ နာမည်သာပြောင်းသည်။ တိုးတက်ကောင်းမွန်သော အုပ်ချုပ်ရေးကိုကားမပေး။ သွေးခွဲအုပ်ချုပ်ရေးကိုသာ ဆက်လုပ်ခဲ့သည်။ တောင်တန်းဒေသ နာမည်တစ်ခုပြောင်းတိုင်း တောင်တန်းဒေသဆိုင်ရာ ဗြိတိသျှ မဟာမင်းကြီး၏ ချုပ်ချယ်သော ဥပဒေများ ပို၍တင်းကျပ်လာမြဲသာ ဖြစ်ခဲ့သည်။

ဗြိတိသျှတို့က မြန်မာနိုင်ငံကို သိမ်းပိုက်ခြင်းသည် မြေပေါ်မြေအောက်သယံဇာတများ၊ စိုက်ပျိုးထုတ်လုပ်သော ကုန်ပစ္စည်းများ၊ ပတ္တမြား၊ ကျောက်သံ၊ စပါးကောက်နှံသီးနှံများကို စရိတ်ကျဉ်းကျဉ်း အလကားပဲတင်းလောက်နှင့် ထုတ်ယူသွေးစုပ်ရန် ဖြစ်ပေသည်။ စက်မှုသာထွန်းကားသည်၊ ပြည်တွင်း၌ ကုန်ကြမ်းမရှိ၊ စွမ်းအင်လောင်စာမဖူလုံ၊ လုပ်သား(လုပ်အား) မပြည့်စုံ၊ ထွက်ကုန်များဝယ်ယူမည့် ဖောက်သည် မလုံလောက်၍ သူတစ်ပါးနိုင်ငံကို အဓမ္မကျူးကျော်တိုက်ခိုက်သိမ်းပိုက်လုယက်ကြသော ဥရောပစက်မှုအရင်းရှင် နယ်ချဲ့နိုင်ငံတို့၏ နယ်ချဲ့မှုကြောင့် မြန်မာအပါအဝင် ကမ္ဘာ့နိုင်ငံတစ်ရာကျော်ကိုလိုနီထမ်းပိုးအောက် ကျရောက်ခဲ့ကြခြင်းဖြစ်သည်။

တက္ကသိုလ်မြတ်သူ

ဗြိတိသျှတို့က သွေးခွဲကာ ကန့်သတ်ချုပ်ချယ်ထားသည့်ကြားမှ အမျိုးသားရေးနိုးကြားတက်ကြွလာသော မြန်မာတိုင်းရင်းသားတို့သည် စည်းလုံးညီညွတ်စွာ လွတ်လပ်ရေးတိုက်ပွဲ တစ်ဆင့်ပြီးတစ်ဆင့် ဆင်နွှဲခဲ့ကြသည်။ ဗြိတိသျှတို့သည် သူတို့အုပ်စိုးစဉ်ကာလ တစ်လျှောက် မြန်မာတို့၏ သယံဇာတ ဓနဥစ္စာအစုံ၊ ထွက်ကုန်ပစ္စည်းမှန်သမျှ ထုတ်ယူရန် လိုအပ်သလောက်အတွက်သာ လမ်းဖောက်ခဲ့သည်။ ၎င်းတို့ အကျိုးစီးပွားအတွက် မလိုအပ်သော နယ်မြေဒေသများ(အထူးသဖြင့် တောင်ပေါ်ဒေသ – နယ်စွန်နယ်ဖျား – နယ်စပ်ဒေသများ) အတွက် လမ်းဖောက်မပေး၊ ကျောင်းဆောက်မပေး၊ မွဲအောင်ငတ်အောင်ထားပြီးမှ ဗြိတိသျှ ကုန်သည်များက ယင်းဒေသများ၌ ဘိန်းစိုက်ပျိုးခိုင်းခဲ့သည်။ ဘိန်းမှ မစိုက်လျှင် ငတ်သေရမည့်ကိန်းဆိုက်အောင် ထားခဲ့ကြသည်။ ဤသို့ဖြင့် ရွှေတြိဂံ၊ ရွှေလခြမ်းဒေသများအပါအဝင် အာရှ၌ ဗြိတိသျှ၊ ဒတ်ချ်၊ ပေါ်တူဂီ၊ ပြင်သစ်တို့၏ ဘိန်းခင်းကြီးများ တောထလာခဲ့သည်။ တရုတ်နှင့် ဗြိတိသျှတို့ ဘိန်းစစ်ပွဲဖြစ်သည်အထိ ဗြိတိသျှတို့ ဘိန်းကုန်ကူးမှုမြင့်မားခဲ့သည်။ အနောက်မှ စာနယ်ဇင်းသမားတို့၏ အဆိုအရ ထိုအချိန်က ဗြိတိသျှ ဘုရင်၊ ဘုရင်မတို့၏ ဘဏ္ဍာတော်တိုက်အတွင်း ဘိန်းရောင်းရငွေများ ဒီရေအလားစီးဝင်ခဲ့သည်။ ထိုဗြိတိသျှနယ်ချဲ့တို့၏ "ဘိန်း"ဆိုးမွေကို အမြစ်ဖြုတ်ရန် မြန်မာတိုင်းရင်းသားတို့ ယနေ့ခေတ်တွင် အစွမ်းကုန် ကြိုးစားနေကြရသည်။

နယ်ချဲ့ကျူးကျော်မှု တွန်းလှန်ခုခံရေးကာလများ၊ လွတ်လပ်ရေး ကြိုးပမ်းမှုကာလများနှင့် ဖက်ဆစ်တော်လှန်ရေးကာလတစ်လျှောက် မြန်မာတိုင်းရင်းသားတို့ စည်းလုံးညီညွတ်ခဲ့ကြသည်။ လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ရာတွင်လည်းကောင်း၊ ပြည်ထောင်စုသားတို့ လွတ်လပ်ရေးအရသာ ခံစားနိုင်အောင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင်လည်းကောင်း ပြည်ထောင်စုစိတ်ဓာတ်ကိုယ်စီဖြင့် စုပေါင်းလက်ယှက်၊ ညီညွတ်စွာ ဆောင်ရွက်ခဲ့ကြသည်။

ဗြိတိသျှနယ်ချဲ့သမားများ (ယနေ့ကာလ ကိုလိုနီလက်သစ်များ အပါအဝင်)တို့က မြန်မာတို့အား သွေးခွဲခဲ့ကြသည်။ ကိုယ့်နိုင်ငံ ကိုယ့်ဇာတိမြေအတွင်းမှာပင် နယ်ချဲ့အစိုးရက နယ်ခြားဖြတ်သန်းရေး ဥပဒေ (Frontier Crossing Regulation) ဖြင့် လွတ်လပ်စွာ မသွားနိုင်အောင် ဟန့်တားချုပ်ချယ်ခဲ့သည်။ နိုင်ငံရေးသမားမဆိုထားဘိ ဗုဒ္ဓသာသနာပြုရဟန်းတော်များပင် တစ်နယ်မှ တစ်နယ်သို့ သွားခွင့်မပြု။ ဆိုင်ရာ ဗြိတိသျှ အရာရှိကြီးများထံ ခွင့်တောင်းကြရသည်။ ခွင့်ပြုချက်ရရှိမှ သွားလာခွင့်ပြုသည်။ တောင်တန်းဒေသများတွင် ပဒေသရာဇ်များနှင့် ဗြိတိသျှနယ်ခြားဝန်ထောက်တို့က ပြည်သူများတုတ်တုတ်မျှ မလှုပ်ဝံ့ မလှုပ်သာအောင် ဖိချုပ်ထားခဲ့ကြသည်။ ယင်းနယ်ကျော်ဖြတ်သန်းခွင့် ချိုးဖောက်လျှင် တိုင်းရင်းသားများကို အခွန်နှစ်ဆကောက်၊ သူခိုး၊ ဓားပြ၊ ဘိန်းစားများဟု မတရားသဖြင့် စွပ်စွဲကာ နယ်နှင်ဒဏ်ပေးခဲ့ကြသည်။

မြေပြန့်ဒေသသို့ ပညာသင်ရန်လာရောက်သော ပြည်နယ်တောင်တန်းသားများကိုလည်း ကန့်သတ်ချုပ်ချယ်ခဲ့သည်။ အထူးသဖြင့် ရှမ်းမြေမြင့်မှ ရန်ကုန်တက္ကသိုလ်သို့ ပညာသင်ရန် လာရောက်သူများကို အင်းဝဆောင်၌ သီးသန့်ထားကာ အခြားကျောင်းသားများနှင့် ဆက်ဆံခွင့်မပေးဘဲ ထားသည်။ အင်းဝဆောင်ကို ဗြိတိသျှလူမျိုး ဒေါက်တာ ပိကော့ကိုယ်တိုင် အုပ်ချုပ်ထိန်းကွပ်ထားသည်။ သို့သော် မြန်မာ့လွတ်လပ်ရေး တိုက်ပွဲဝင် မျိုးချစ်များနှင့် ရှမ်းကျောင်းသားများ ဆက်သွယ်ဆက်ဆံမိကြကာ နယ်ချဲ့ကန့်သတ်မှု အကြားမှပင် တူညီသော လွတ်လပ်ရေးစိတ်ဓာတ်များ ပေါင်းစုစည်းလုံးမိခဲ့ကြသည်။ မျိုးချစ်စိတ်ဓာတ် လှုံ့ဆော်၊ အမျိုးသားရေးစိတ်ဓာတ် နှိုးဆွ၊ လွတ်လပ်ရေးစိတ်ဓာတ်ပွားများစေသော နိုင်ငံရေးစာပေများလည်း ထုတ်ဝေလာကြသည်။ ဟောပြောစည်းရုံးလာကြသည်။ ဤသို့ဖြင့် တိုင်းရင်းသားလူထုသည် နိုင်ငံရေးမျက်စိပွင့်လာကာ ပဒေသရာဇ် ဆန့်ကျင်ရေး၊

နယ်ချဲ့ကျူးကျော်မှု တွန်းလှန်ခုခံရေးကာလများ၊ လွတ်လပ်ရေး ကြိုးပမ်းမှုကာလများနှင့် ဖက်ဆစ်တော်လှန်ရေးကာလ တစ်လျှောက် မြန်မာတိုင်းရင်းသားတို့ စည်းလုံးညီညွတ်ခဲ့ကြသည်။ လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ရာတွင်လည်းကောင်း၊ ပြည်ထောင်စုသားတို့ လွတ်လပ်ရေးအရသာ ခံစားနိုင်အောင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွ င်လည်းကောင်း ပြည်ထောင်စုစိတ်ဓာတ်ကိုယ်စီဖြင့် စုပေါင်းလက်ယှက်၊ ညီညွတ်စွာ ဆောင်ရွက်ခဲ့ကြသည်။

အသီးတစ်ရာ



အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု

ဗြိတိသျှအစိုးရ ဆန့်ကျင်ရေး၊ မြေပြန့်(ပြည်မ)နှင့် ပူးပေါင်း၍ လွတ်လပ်ရေး ရယူရေး စသည့်ဆန္ဒများဖြင့် စည်းလုံးမိလာကြသည်။

လွတ်လပ်ရေး တောင်းဆို တိုက်ပွဲဝင်မှုသည် တို့ဗမာအစည်းအရုံး၏ စည်းရုံးလှုံ့ဆော်မှုကြောင့် အရှိန်အဟုန် မြင့်တက်လာခဲ့သည်။ တိုင်းရင်းသား ပြည်သူတို့၏ လွတ်လပ်ရေးဆန္ဒ ကို မလွန်ဆန်နိုင်တော့၍ ၁၉၄၆ခုနှစ် နှစ်ကုန်ပိုင်း ဘိလပ်တွင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် နန်းရင်းဝန်(ဝန်ကြီးချုပ်) ကလီးမင့်အက်တလီတို့ မြန်မာ့လွတ်လပ်ရေးအတွက် တွေ့ဆုံဆွေးနွေးကြသည်။ မြန်မာနိုင်ငံကို ဗြိတိသျှတို့ ကျူးကျော်သိမ်းပိုက်စဉ်က ပြည်ထောင်စုတစ်ခုလုံး(တစ်နိုင်ငံလုံး) ကို သိမ်းပိုက်ပြီး လွတ်လပ်ရေး ပြန်ပေးရမည့်အခြေသို့ ဆိုက်ရောက်လာသောအခါ မူးတင်းပဲတင်း လုပ်လာသည်။ တောင်တန်းဒေသမှ တောင်တန်းသားတိုင်းရင်းသားများသည် မိမိကိုယ်မိမိတို့ မအုပ်ချုပ်တတ်သေးသဖြင့် ယင်းဒေသများကို ခြွင်းချန်ဒေသ ဗြိတိသျှကိုလိုနီအဖြစ် ဆက်ထားမည်၊ ဗမာပြည်မ (မြေပြန့်ဒေသ) ကိုသာ လွတ်လပ်ရေးယူပါဟု ဗြိတိသျှတို့က မြန်မာနိုင်ငံနယ်နိမိတ်ကို ခွဲခြမ်းစိတ်ဖြာပစ်ရန် လုပ်လာသည်။

ဗြိတိသျှတောင်တန်းဒေသ မဟာမင်းကြီး စတီဗင်ဆင်၏ သွေးထိုးပေးမှုဖြင့် ရှမ်းပဒေသရာဇ် စော်ဘွားအချို့က ဗိုလ်ချုပ်အောင်ဆန်းသည် ဗမာကိုယ်စားလှယ်သာဖြစ်သည်။ ရှမ်းတို့၏ သဘောထားကို သိလိုလျှင် မိမိတို့ စော်ဘွားများကို ဘိလပ်သို့ဖိတ်ပါဟု ကြေးနန်းရိုက်ခဲ့သည်။ ရှမ်းပဒေသရာဇ်ဆန့်ကျင်ရေး လွတ်လပ်ရေးစိတ်ဓာတ် ထက်သန်သော ရှမ်းမျိုးချစ်လူငယ်များက တောင်ကြီးတွင် လူထုအစည်းအဝေးကြီးကျင်းပကာ ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းပြည်သူတို့၏ ကိုယ်စားလှယ်ဖြစ်သည်။ ရှမ်းလူထုက ဗမာနှင့်အတူ လွတ်လပ်ရေးယူမည်ဟု ဆုံးဖြတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်ကို ဘိလပ်(လန်ဒန်)သို့ ကြေးနန်းရိုက်ခဲ့သည်။

တိုင်းရင်းသားတို့၏ လွတ်လပ်ရေးဆန္ဒကို တစ်ခဲနက်ဖော်ပြနိုင်ရန် ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလတွင် လွိုင်လင်ခရိုင် ပင်လုံမြို့ကလေးတွင် တိုင်းရင်းသားစုံခေါင်းဆောင်များ၏ ညီလာခံကြီးတစ်ရပ်ကျင်းပခဲ့သည်။ ပင်လုံညီလာခံဟုတွင်သည်။ ယင်းပင်လုံညီလာခံသို့ ဘိလပ်မှစေလွှတ်သော ကိုလိုနီဆိုင်ရာအတွင်းဝန် ဘော့တွမ်လေနှင့် မြန်မာပြည်တောင်တန်းဒေသဆိုင်ရာ ဗြိတိသျှမဟာမင်းကြီး စတီဗင်ဆင်တို့က စော်ဘွားအချို့အား သွေးထိုးပေးပြီး ပင်လုံညီလာခံ မအောင်မြင်စေရန် အားထုတ်ခဲ့သည်။ ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ပင်လုံညီလာခံသည် ဒုတိယ ပင်လုံညီလာခံဖြစ်သည်။ ပထမပင်လုံညီလာခံကို ၁၉၄၆ ခုနှစ် မတ်လတွင် ပင်လုံ၌ လက်မှုပညာပြပွဲ၊ ဟောပြောပွဲကြီးတို့နှင့်အတူ ကျင်းပခဲ့သည်။ ထိုအချိန် ဗြိတိသျှတို့က မြန်မာတို့အနေဖြင့် တစ်ဝက်တစ်ပျက် လွတ်လပ်ရေး(ဝါ) ဖားတစ်ပိုင်း ငါးတစ်ပိုင်း မလွတ်တလွတ်၊ မလပ်တလပ် လွတ်လပ်ရေးဖြစ်သည့် ဒိုမီနီယံကိုယူရန် သွေးဆောင်နေပေသည်။ ပင်လုံပထမညီလာခံသည် ဂျူးန်ဦးစော တက်ရောက်ခဲ့သည်။ ရှမ်းမျိုးချစ်လူငယ်ခေါင်းဆောင် ဦးတင်ဧ (နောင် ရန်ကုန်တက္ကသိုလ် မြန်မာစာ ဒုတိယပါမောက္ခ ရှမ်းပြည် ဦးတင်ဧ)က "ဂျူးန်ဦးစောလာခြင်းသည် ကောင်းသောလာခြင်းဖြစ်ပါစေဟု မိမိတို့ မျှော်လင့်သည်။ သို့ရာတွင် ဦးစောသည် ရန်ကုန်၌ ရောင်းမစွံသော ဒိုမီနီယံကို ရှမ်းပြည်တွင် ရောင်းရန်လာပါက နေရပ်သို့သာ အမြန်ဆုံး ပြန်သွားပါ။ ရှမ်းပြည်လူထုအနေဖြင့် လုံးဝလွတ်လပ်ရေးကိုသာ လိုလားသည်"ဟု ပွင့်ပွင့်လင်းလင်းပြောကြားခဲ့သည်။ ထိုစဉ်က မြန်မာတို့ ရယူလိုသော လွတ်လပ်ရေးမှာ အချုပ်အခြာအာဏာ အပြည့်အဝရရှိပြီး ပြည်ပကိုလုံးဝအမှီအခိုကင်းသော လုံးဝလွတ်လပ်ရေး(Independence) သာ ဖြစ်သည်။

ဒုတိယ ပင်လုံညီလာခံကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့မှ စတင်ကျင်းပသည်။ တိုင်းရင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားပြည်သူလူထုများက မြန်မာတစ်ပြည်လုံး အတူတကွ လုံးဝလွတ်လပ်ရေး ရယူမည်ဟု သန္နိဋ္ဌာန်ချမှတ် ကြွေးကြော်နေသည်။ ပင်လုံညီလာခံကာလမှာပင် ဗြိတိသျှနယ်ချဲ့ကိုယ်စားလှယ် တောင်တန်းဒေသ မင်းကြီး စတီဗင်ဆင်က "သီးခြားလွတ်လပ်ရေးယူပြီး ဗြိတိသျှ ဓနသဟာယအဖွဲ့ထဲမှာနေရင် ဘေးကင်းတယ်။ လိုတဲ့အကူအညီ အားလုံးပေးမယ်။ အလိုရှိရင် ငွေသိန်းပေါင်းငါးဆယ်နဲ့ လက်နက်ငယ်တွေပေးထားမယ်။ စိတ်ကူးမလွဲနဲ့၊ ပူးပေါင်းပြီး လွတ်လပ်ရေးယူရင် မပြင်နိုင်တဲ့ အမှားတွေဖြစ်မှာပဲ"ဟု စွက်ဖက် သွေးခွဲခြေရှုပ်ခဲ့သည်။ အလားတူ အောက်ပါ သွေးခွဲစကားကိုလည်း ပြောခဲ့ကြသည်-

"ဗမာတွေက ခင်ဗျားတို့ကို လိုက်လျောလုချည်လား၊ ဒါလောက်လွယ်တာက အကြောင်းတစ်ခုခုတော့ရှိမယ်။ အရမ်းမလုပ်ဘဲ စဉ်းစဉ်းစားစား လုပ်ကြရင်ကောင်းမယ်။ ဗိုလ်ချုပ်ရုပ်ကိုကြည့်ပါလား။ ဂျပန်စိတ်မပျောက်သေးဘူး။ တော်တော်ကြာရင် ခင်ဗျားတို့ ဖက်ဆစ်လက်အောက်ရောက်သွားမှာပဲ"

နယ်ချဲ့တို့ မည်မျှပင် သွေးထိုးစေကာမူ နိုင်ငံတစ်ဝန်းမှ အထူးသဖြင့် တောင်တန်းဒေသ တိုင်းရင်းသားပြည်သူများက လူထုအစည်းအဝေးကြီးများ ကျင်းပကာ လုံးဝလွတ်လပ်ရေးကို တောင်းဆိုကြသည်။ တောင်တန်းမြေပြန့် မခွဲမခြားဘဲ လွတ်လပ်ရေး အတူယူကြမည်ဟု ကြွေးကြော်ကြသည်။

ပင်လုံညီလာခံကြီး၏ သဘာပတိလည်းဖြစ်၊ ညီလာခံဖြစ်မြောက်ရန် ဦးစီးဦးကိုင်အဖြစ်လည်း လုပ်ကိုင်၊ ဝါရင့်သမ္မာရင့် ခေါင်းဆောင်လည်းဖြစ်သော ရှမ်းပြည်မြောက်ပိုင်း နမ့်ဆန်မှ ပလောင်တောင်ပိုင်စော်ဘွားကြီး စဝ်ခွန်ပန်းစိန်က တိုင်းရင်းသားများအားလုံး အတူတကွ လွတ်လပ်ရေး ယူမည့် သဘောထားကို ဤသို့ပြောကြားခဲ့သည်-

"နိုင်ငံတိုင်းသည် လွတ်လပ်ရေးကို လိုလားတမ်းတကြသည်မှာလည်း ထူးခြားဆန်းပြားသော အလုပ်မျိုး မဟုတ်သည့်အလျောက် ဓမ္မတာအတိုင်း မိမိတို့လည်း လွတ်လပ်ရေးကို လိုလားပါသည်။ တောင်တန်းသားများက လွတ်လပ်ရေးကို လိုလားကြသည်မှာ အတော်ပင်ကြာခဲ့ပြီဖြစ်ပါသည်။ အင်္ဂလိပ်များ လွှမ်းမိုးနေသည့် အတွက် ဘာကိုမျှ မလုပ်မကိုင်နိုင်ကြပါ။ အင်္ဂလိပ်များ ဖိနှိပ်နေသည့်အတွက် တိုးတက်မှုများကို မလုပ်နိုင်အောင်ရှိခဲ့ပါသည်။ မိမိတို့သည် ဗြိတိသျှတို့လိုလားသော အတိုင်ပင်ခံကောင်စီအဖွဲ့ကို လက်ခံမည်မဟုတ်ပါ"

စော်ဘွားကြီး စဝ်ခွန်ပန်းစိန်၏ အထက်ပါမိန့်ခွန်းသည် ပင်လုံညီလာခံကြီး၏ ပွဲတင်သံဖြစ်လာခဲ့သည်။ ပင်လုံစာချုပ်ကို ပါဝင်လက်မှတ်မထိုးရန် စတီဗင်ဆင်နှင့် ဘော့တွမ်လေတို့ ကျားကုပ်ကျားခဲ ဟန့်တားသည့်ကြားမှ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် တိုင်းရင်းသားခေါင်းဆောင်များနှင့် ဖဆပလ ခေါင်းဆောင်များ ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးကာ သမိုင်းမော်ကွန်းတင်ခဲ့သည်။ ဗြိတိသျှ နယ်ချဲ့အစိုးရသည် (ဘိလပ်မှ ဘုရင်အစိုးရအပါအဝင်) ပင်လုံညီလာခံကြီး အောင်မြင်မည်မဟုတ်ဟု ဒူးနန့်ပြီး ပြုံးနေခဲ့ကြသည်။ မအောင်မြင်စေရန်လည်း ဘက်ပေါင်းစုံမှ နှောင့်ယှက်ဟန့်တားခဲ့ကြသည်။ ပင်လုံညီလာခံကြီး ပျက်သွားပြီဟူသော သတင်းကို မဆိုင်းမတွ ကြားသိလိုသဖြင့် ပင်လုံတွင် အရေးပေါ်(ယာယီ) ကြေးနန်းရုံး ဖွင့်ခဲ့သည်။ ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် အဆိုပါ ကြေးနန်းရုံးမှပင် ပင်လုံညီလာခံကြီး အောင်မြင်စွာကျင်းပပြီးစီးပြီး ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးလိုက်ပြီဟူသော မြန်မာတို့၏ အောင်ကြေးနန်းဝင်လာသဖြင့် ဘိလပ်အစိုးရ တုန်လှုပ်သွားခဲ့ရသည်။

ပင်လုံညီလာခံကြီးက ဗြိတိသျှတို့၏ မြန်မာနိုင်ငံကို ပိုင်းစိတ်ခွဲခြားပြီး ဖားတစ်ပိုင်းငါးတစ်ပိုင်း လွတ်လပ်ရေးပေးလိုမှုကို မြန်မာတို့ လုံးဝလက်မခံကြောင်း၊ ၁၈၈၅ခုနှစ်တွင် ဗြိတိသျှတို့ သိမ်းယူခဲ့သော မြန်မာ့ပိုင်နက် နယ်မြေအားလုံး လုံးဝလွတ်လပ်ရေးကိုသာ ယူမည်ဖြစ်ကြောင်း ကမ္ဘာသိ သန္နိဋ္ဌာန်ချခဲ့လေသည်(ဝါ)အချုပ်အခြာ အာဏာပိုင် လွတ်လပ်သော မြန်မာပြည်ထောင်စုကြီး ပေါ်ထွန်းလာစေသည့် တိုင်းရင်းသားစုံ စည်းလုံးညီညွတ်မှုခွန်အားနှင့်စွမ်းပကားကို ကမ္ဘာသို့ သိကြားစေခဲ့သော မြန်မာ့လွတ်လပ်ရေး ဆုံးဖြတ်ချက်ကြီးပင်ဖြစ်တော့သည်။

သို့တိုင် နယ်ချဲ့ဗြိတိသျှတို့ဘက်က မလျှော့သေးပေ။ ပင်လုံစာချုပ်တွင် မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးစုံ မပါဝင်သေး၍ မြန်မာတိုင်းရင်းသားအားလုံး၏ သဘောဆန္ဒမဟုတ်သေးဟု ဆိုပြန်သည်။ ထို့ကြောင့် ကျန်တိုင်းရင်းသားတို့၏ ဆန္ဒသဘောထားမေးရဦးမည်ဆိုကာ ဗြိတိသျှ ပါလီမန်အမတ်ရီးစ်ဝီလျံအား ဥက္ကဋ္ဌအဖြစ် ခန့်ထားသည့် ကော်မရှင်အဖွဲ့အစည်းက မြန်မာနိုင်ငံ တောင်ပေါ်မြေပြန့်မှ တိုင်းရင်းသားဒေသများသို့ ဆန္ဒခံယူသည်။ ယင်းကော်မရှင်က ၎င်းတို့လိုလားသည့်အတိုင်း ပင်လုံစာချုပ်ကို စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✧

၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊

(၃) ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊

(၄) နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

(၅) အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့် အညီ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် တိုင်းရင်းသားအားလုံး ကြိုးပမ်းဆောင်ရွက်ရေး၊

(၆) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

စည်းလုံးချစ်ကြည် အင်အားညီ

☆ ကူညီရိုင်းပင်း၊ တိုင်းရင်းညီနောင်ဆွေ၊
တစ်မြေတည်းဖွား၊သွေးသားအရင်းအချာတွေ၊
ဘိုးဘွားပိုင်မြေ၊ အမွေခံထား။
တစ်သွေးတစ်မူ အေးအတူ
ကြည်ဖြူစွာ နိုးကြားသည်တည့်လေး။

☆ စည်းလုံးမှုအား၊ ထင်ရှားမြဲခိုင်မာ၊
နယ်ချဲ့မျိုးယုတ်၊ တိုက်ထုတ်အောင်ခဲ့တာ၊
လက်ချင်းတွဲကာ၊ မိစ္ဆာရန်ရှင်း။
မာယာမြူဆွယ် ပရိယာယ်
ရှောင်ဖယ်သွေခွာ ကွင်းသည်တည့်လေး။

☆ နယ်ချဲ့ကျော့ကွင်း၊ကျူးသွင်းထောင်ချောက်ဆင်၊
ငါတို့မမူ၊ အန်တုခဲ့အစဉ်၊
လာမည့်ရန်မြင်၊ အားအင်ညီကြ။
အရေးကြီးကြုံ၊ သွေးနီးဆုံ
သက်လုံကောင်းမွန်လှသည်တည့်လေး။

☆ တက်တက်ကြွကြွ၊ ထမ်းကြဝန်ကိုယ်စီ၊
မျိုးချစ်စိတ်ဓာတ်၊ မြင့်မြတ်ခိုင်မာသည်၊
တိုးတက်ဝေစည်၊ ရွှေပြည်သာရေး။
အားစိုက်အားသွန် စိတ်ထားမွန်
ကျေပွန်အောင်ဆောင်ပေးသည်တည့်လေး။

☆ ဂုဏ်သတင်းမွှေး၊ ငြိမ်းအေးတဲ့ဒို့မြေ၊
ငါတို့ပိုင်နက်၊ တိုးတက်စည်သာဝေ၊
သည်မြေနှင့်သည်ရေ၊ တည်နေဖို့အရေး၊
အသက်ပေးကာ စောင့်ထိန်းမှာ
ဘာမထီသတ္တိ သွေးရယ်နှင့်လေး။

☆ အလေးထားစို့ ဇာတိမြေ၊ ကမ္ဘာတည်ဖြိုးသစ်ဝေ
သွေးသားတို့သမ္ဘာရှိပေ၊ ဇာနည်မျိုးချစ်ဆွေ။ ။

[(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုလျက်-]

ရေနံ့သာမောင်ကျော်ညွန့်

✧ စာမျက်နှာ ၉ ဆောင်းပါးမှအဆက်

လက်မခံဟူသော အဖြေမျိုးပေးစေရန် တိုင်းရင်းသားများကို ရေလာမြောင်းပေး ပြောဆိုမြှူဆွယ်ကြသည်။ နိုင်ငံတစ်ဝန်းမှ တိုင်းရင်းသားအားလုံး၏ ဖြေကြားချက်(ဝါ) ရီးစ်ဝီလျံကော်မရှင်သို့ ပေးလိုက်သော အဖြေကလည်း တညီတညွတ်တစ်ခဲနက်ပင်–

“ကျုပ်တို့အားလုံး အတူတကွ လုံးဝလွတ်လပ်ရေးကိုသာ အလိုရှိကြသည်”

တိုင်းရင်းသားလူမျိုးတစ်ရာကျော်ရှိသော ဤမြန်မာနိုင်ငံသည် ရှေးပဝေသဏီကတည်းကပင် ပြည်ထောင်စုတစ်ခုအသွင်ဖြင့် စုပေါင်းနေထိုင်ခဲ့ကြသည်။ ယနေ့ကာလပြန်ကြည့်လျှင်လည်း ပြည်နယ်တိုင်း၊ တိုင်းဒေသကြီးတိုင်းတွင် လူမျိုးတစ်မျိုးတည်းနေထိုင်ကြသည်မဟုတ်၊ ဒေသတိုင်း၌ တိုင်းရင်းသားလူမျိုးများ ရောနှောနေထိုင်ကြသည်။ ဤပြည်ထောင်စုသည် တိုင်းရင်းသားလူမျိုးတစ်ရာကျော်(ယနေ့ဦးရေ ၅၆ သန်း) တို့၏ နေအိမ်ဂေဟာကြီးသာဖြစ်သည်ကို အားလုံးတူညီစွာခံယူထားကြသည်။

ကမ္ဘာတွင် အရင်းရှင်စနစ် စတင်ထွန်းကားခဲ့သည်မှာလည်း ဥရောပကို ဗဟိုပြုသော ကမ္ဘာ့အနောက်ခြမ်း အရင်းရှင်တို့၏ ဝိသမလောဘကြောင့် ကမ္ဘာမြေပြင်အနှံ့ကျူးကျော်နယ်ချဲ့ပြီး ယင်းကျူးကျော်ခံနိုင်ငံများမှ သယံဇာတနေဥစ္စာများကို အမွေသွေးစုပ်ဝါးမျိုကြသည်မှာလည်း အနောက်ခြမ်းကမ္ဘာပင်ဖြစ်သည်။ အမည်နာမအားဖြင့် နယ်ချဲ့ အရင်းရှင်(ပုံစံဟောင်း၊ ပုံစံသစ်အရ ကျူးကျော်သွေးစုပ်သည်)နိုင်ငံများကို မြန်မာတို့သိပြီးဖြစ်သည်။ ယင်းနိုင်ငံများသည် ၎င်းတို့၏နိုင်ငံ၊ ၎င်းတို့ပြည်ထောင်စုများကို ပြိုကွဲမခံဘဲ၊ အခြားနိုင်ငံများ၊ ပြည်ထောင်စုများကို စွက်ဖက်ကျူးကျော်ကာ နယ်ချဲ့ပုံစံဟောင်းသို့ တစ်ကျော့ပြန်သွားလိုကြသော နိုင်ငံများဖြစ်သည်။

ရာစုနှစ်များစွာ ကမ္ဘာမြေပြင်၏ ၇၇ရာခိုင်နှုန်း၊ ကမ္ဘာ့လူဦးရေ၏ ၇၅ရာခိုင်နှုန်းတို့၏အချုပ်အခြာအာဏာ၊ အခြေခံပိုင်ဆိုင်ခွင့်တည်းဟူသော လူ့အခွင့်အရေး၊ လွတ်လပ်စွာဆုံးဖြတ်ကာ မိမိနိုင်ငံကောင်းကျိုး ဖန်တီးနိုင်အပ်သော ဒီမိုကရေစီအခွင့်အရေးများကိုအတင်းအဓမ္မလုယူပြီး စွက်ဖက်ကျူးကျော်ကျွန်ပြုခဲ့သော ဥရောပ(အီးယူထိပ်တန်းပိုင်း)နှင့် အမေရိကန်ပြည်ထောင်စုတို့က ယနေ့ကာလတွင် တစ်ချိန်က ကျွန်ပြုသွေးစုပ်ခံခဲ့ရ၍ လွတ်လပ်ရေးရယူကာ ပြန်လည် ထူထောင်နေရသည့် ဖွံ့ဖြိုးဆဲနိုင်ငံများကို ဒီမိုကရေစီ လူ့အခွင့်အရေး၊ တိုင်းရင်းသားတို့ ခွဲထွက်ခွင့် လွတ်လပ်ရေးဟူသော စကားလုံးများသုံးကာ တစ်ကျော့ပြန် စွက်ဖက် ကျူးကျော်လာနေပြန်ပြီဖြစ်သည်။ ဖွံ့ဖြိုးဆဲ ပြည်ထောင်စုများကို အစိတ်စိတ်ဖြိုခွဲရန် လုပ်ကြံနေကြပြန်ပြီ ဖြစ်သည်။

ဥရောပလူမျိုးစုံက မူလဒေသခံ ရက်ဒ်အင်ဒီးယန်းများကို တိုက်ခိုက်နှိမ်နင်း၊ လူမည်းများကို ကျွန်ပြုကာ ကျွဲနွားပမာ စေခိုင်း၊ ညှဉ်းပန်းခဲ့ပြီး အမေရိကန်ပြည်ထောင်စုဟူ၍ တည်ထောင်ခဲ့သည့် နိုင်ငံတွင် ၅၀ခုမြောက် ပြည်နယ်အဖြစ် နောက်ဆုံးအဓမ္မ ကျူးကျော်သိမ်းပိုက်ခဲ့သော ဟာဝိုင်ယီကျွန်းကို ပြည်နယ်သားများက လွတ်လပ်ရေး ပြန်တောင်းကြသည်။ အမေရိကန်ပြည်ထောင်စုအတွင်း သွတ်သွင်းခံခဲ့ရသော တောင်ပိုင်းပြည်နယ်များက ပြည်ထောင်စုမှ ခွဲထွက်ရန် ကြိုးပမ်းခဲ့ကြသည်။ ထိုစဉ်က အမေရိကန်ပြည်ထောင်စု သမ္မတ အေဘရာဟင် လင်ကွန်းက ပြည်ထောင်စုပြိုကွဲမခံနိုင်ဟုဆိုကာ ပြည်ထောင်စုတပ်များ စေလွှတ်တိုက်ခိုက်ခဲ့သဖြင့် လူသိန်းပေါင်းများစွာ သေဆုံးသော အမေရိကန်ပြည်တွင်းစစ်ကြီး ၁၈၆၀ပြည့်နှစ် တစ်ဝိုက်က ဖြစ်ပွားခဲ့သည်။ ယနေ့တိုင်တောင်ပိုင်းပြည်နယ်များ သမဂ္ဂဖွဲ့စည်းကာ ခွဲထွက်ရေးလှုပ်ရှားဆဲဖြစ်သည်။ အမေရိကန်အစိုးရ အဆက်ဆက်၏ ပြည်ထောင်စု မပြိုကွဲရေးလုပ်ရပ်ကို မတရား၊ မမှန်ကန်ဟု ကျွန်တော်တို့ မပြောလိုမဝေဖန်လိုပါ။ သူတို့ပြည်ထောင်စု၏ပြည်တွင်းရေးဟုသာ သဘောထားရုံရှိပါသည်။ အမေရိကန်မီဒီယာများက တောင်ပိုင်း ခွဲထွက်ရေးသမားများကို ပြည်သူလူထု၏ရန်သူ (Enemy of The People) ဟု ကင်ပွန်းတပ်ခဲ့ကြသည်။

ဗြိတိသျှ(အင်္ဂလိပ်)တို့သည် ဥရောပမှ ကူးလာကာ အင်္ဂလန်နိုင်ငံ ထူထောင်ခဲ့ကြသည်။ အင်္ဂလန်ကျွန်းရှိ ဝေလ(ဝေးလ်)လူမျိုး၊ စကော့လူမျိုးတို့အပြင် အနောက်ဘက်အိုင်ယာလန်ကျွန်းကိုပါ ကျူးကျော်သိမ်းပိုက်ပြီး ယူကေ(UK)ခေါ် ဗြိတိသျှပြည်ထောင်စု (United Kingdom) တည်ထောင်ထားသည်။ ယူနိုက်တက်၊ ယူနီယံ၊ ဖက်ဒရယ်စသည့် ရှေ့ဆက် စာလုံးများသည် ပြည်ထောင်စုဟူသောအနက်ကို ဆောင်သည်ချည်းဖြစ်သည်။ အိုင်ယာလန်သူပုန်၊ အိုင်ယာလန်ပုံးအဖွဲ့၊ ဆင်ဖိန်း၊ အိုင်အာရ်အေ (အိုင်ယာလန် လွတ်လပ်ရေးတိုက်ပွဲဝင်အိုင်ယာလန် သမ္မတနိုင်ငံတပ်ဖွဲ့)တို့က ၁၉ရာစု၊ ၂၀ရာစုတို့တွင် အိုင်ယာလန်ကို ဗြိတိသျှတို့အောက်မှလွတ်မြောက်ရန် တိုက်ပွဲဝင်ခဲ့ကြသည်။ မလွှဲသာ၍ တောင်ပိုင်းမှ ၂၅ခရိုင်ပါသော အိုင်ယာလန်ကျွန်းတစ်ပိုင်းကို လွတ်လပ်ရေးပေးခဲ့ပြီး မြောက်ပိုင်းအိုင်ယာလန် (ငါးခရိုင်)ကို ဗြိတိသျှပြည်ထောင်စုအတွင်း ဆက်ထားခဲ့သည်။ မြောက်ပိုင်းအိုင်ယာလန်မှ ဆင်ဖိန်း၊ အိုင်အာရ်အေတို့ကလွတ်လပ်ရေးအတွက် ဆက်လက်တိုက်ပွဲဝင်ရင်း ဗြိတိသျှမီဒီယာတို့၏ အကြမ်းဖက်သမား၊ ဆူပူသူများအဖြစ် ကင်ပွန်းတပ်ခံခဲ့ရသည်။

ဂျာမနီနိုင်ငံသည် ဒုတိယကမ္ဘာစစ်အပြီး အရှေ့ဂျာမနီ(ဆိုရှယ်လစ်) အနောက်ဂျာမနီ(အရင်းရှင်) ဟူ၍ နှစ်နိုင်ငံကွဲခဲ့သည်။ အမေရိကန်–ဗြိတိန်တို့၏ အားထုတ်မှုကြောင့် အရှေ့ဂျာမနီမှ ဆိုရှယ်လစ် အစိုးရပြုတ်ကျကာ အနောက်ဂျာမနီနှင့် ပူးပေါင်းလျက် ဂျာမန်ဖက်ဒရယ်ပြည်ထောင်စုကြီး ပြန်ဖြစ်လာခဲ့သည်။

သို့သော် **ထိုအရင်းရှင်နယ်ချဲ့ ပြည်ထောင်စုကြီးများက မိမိတို့ပြည်ထောင်စုများ မပြိုကွဲအောင် ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထားကြပြီး အဘယ်ကြောင့် အခြားပြည်ထောင်စုများကိုမူ လိုက်လံဖြိုခွဲရန် လုပ်ကြံဖန်တီးနေကြပါသနည်း။ ရှင်းပါသည်။ ကိုလိုနီ ပုံစံဟောင်း၏ သွေးခွဲစိုးမိုးရေးဗျူဟာကို ပြန်လည်ကျင့်သုံးကာ နယ်ချဲ့လမ်းစဉ်ကို ဖုတ်ဖက်ခါပြန်လည်အသုံးပြုလိုကြ၍ လက်မလွှတ်ချင်ဘဲ လွှတ်ခဲ့ရ၊ လွတ်လပ်ရေးပေးခဲ့ရသော အဆီတဝင်းဝင်းဖြင့် သယံဇာတကြွယ်ဝသော နိုင်ငံများကို ပြန်လည် ဖြိုခွဲချည့်နဲ့စေပြီးမှ ကျွန်ပြုသွေးစုပ်ရန်ပင်ဖြစ်သည်။**

အမေရိကန်နှင့် ဗြိတိန်တို့က အီရတ်ကိုလက်နက်ဆိုးများ ရှာဖွေဖျက်ဆီးရန်၊ အီရတ်ပြည်သူတို့ လွတ်လပ်စေရန်၊ ဒီမိုကရေစီရစေရန်ဟုဆိုကာ ကျူးကျော်တိုက်ခိုက်ကာ ယင်းနိုင်ငံမှ ရေနံများ အပိုင်စီးထားသည်။ အီရတ်နိုင်ငံကို ကာ့ဒ်လူမျိုးအပိုင်း၊ ဆွန်နီမွတ်စလင်အပိုင်း၊ ရှီးယားမွတ်စလင်အပိုင်းဟူ၍ သုံးပိုင်းခွဲထားလိုက်ပြီး အီရတ်မှအပြစ်မဲ့ပြည်သူများ သောင်းသိန်းချီပြီး သေကြရ၊ အိုးအိမ်များ ပြာကျရ၊ အမှုန့်ဖြစ်ရဖြင့် မွဲပြာကျကုန်ပြီး စစ်ပွဲကလည်း ငါးနှစ်ပြည့်တော့မည်။ အာဖဂန်ကိုလည်း အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ပွဲ အမည်ဖြင့် ကျူးကျော်ကာ အမေရိကန်ရေနံကုမ္ပဏီတို့အတွက် ရေနံပိုက်လိုင်းသွယ်တန်းပြီး အာဖဂန်မြောက်ဘက်ကုန်းတွင်းပိတ် ရေနံနိုင်ငံများမှ ရေနံများထုတ်ယူရန် အကွက်ချထားခဲ့သည်။ အာဖဂန်ပြည်သူများ သောင်းချီသေရပြီး စစ်ပွဲကလည်း ခုနစ်နှစ်ကြာနေပြီ။

မြန်မာပြည်ထောင်စုကြီးက မည်သူနဲ့နှဲ့မနဲ့၊ မည်သို့မျှ ပြည်ထောင်စုပြိုကွဲမခံ၊ ယနေ့ မြန်မာပြည်ထောင်စုကြီး ငြိမ်းချမ်းကာ ဘက်ပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်နေပြီး ဒီမိုကရေစီလုပ်ငန်းစဉ်များ ခရီးရောက်နေပြီ။ သမိုင်းနှင့်ချီပြီးညီခဲ့သော မြန်မာတိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုကား ပြည်ထောင်စုကို ကာကွယ်မည့် ရောမခွန်အားပင်ဖြစ်ကြောင်းပါခင်ဗျား။ ။

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဗိုလ်မြတ်ထွန်းလမ်းမှ LION BROTHERS HOLE IN ONE ရန်ကုန်ဂေါက်ကလပ်အဖွဲ့က ဘိုးဘွားများအတွက် လိုရာသုံးစွဲနိုင်ရန် အထွေထွေငွေပဒေသာပင် ငွေကျပ် ၁၀သိန်းကို နှင်းဆီကုန်းဘိုးဘွာရိပ်သာ အမှုဆောင်အဖွဲ့ အကျိုးဆောင် အတွင်းရေးမှူး ဦးအောင်သန်းနှင့် တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၆–၂–၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနှားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၅၅** ၈။ အမျိုးသားရေးတေးကဗျာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ အမျိုးသားရေးတေးကဗျာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၅** ၃။ အမျိုးသားရေးတေးကဗျာ
- **၄:၃၀** ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၄:၅၀** ၅။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၆။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- **၅:၂၀** ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၅:၃၀** ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
- **၅:၄၀** ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၁။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၂။ အမျိုးသားရေးတေးကဗျာ
- **၆:၂၅** ၁၃။ **ကာတွန်းအစီအစဉ် – ငါးကလေးရဲ့စွန့်စားခန်း (အပိုင်း–၁၉)**
- **၆:၄၅** ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – ရာဇဝင်တွင်တဲ့သူရဲကောင်း (အပိုင်း–၃၄)**
- **၈:၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ လူ့ရွှင်တော်ရွှေဖလား
- ၂၀။ ICT သုတ
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – သိန်းငှက်သူရဲကောင်း (ဒုတိယတွဲ) (အပိုင်း–၃၀)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

သတ်မှတ်နှုန်းထားထက် ယာဉ်စီးခပိုမိုတောင်းခံသူ ယာဉ်နောက်လိုက်များအား ဖမ်းဆီးအရေးယူ

ရန်ကုန် ဖေဖော်ဝါရီ ၅

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၆ရက်တွင် လှိုင်သာယာမှ ဗိုလ်တထောင်ဘုရားသို့ ပြေးဆွဲသော သန်မြန်သူအမှတ်(၈၆) ယာဉ်လိုင်း၌ လိုက်ပါစီးနင်းစစ်ဆေးခဲ့ရာ ၃က/၉၆၆၆ ဒိုင်နာယာဉ်နောက်လိုက် အောင်မြင့်ထွန်း (၂၅)နှစ်၊ (ဘ) ဦးသိန်းလွင်၊ အမှတ်–၆၃၊ ဦးမောင်သင်လမ်း၊ (၂)ရပ်ကွက်၊ ထန်းတပင်မြို့နယ်နေသူနှင့် ဗ/၄၀၀ ဒိုင်နာယာဉ်နောက်လိုက် မာမက်ရာကွတ် (၃၅)နှစ်၊ (ဘ)ဦးအဒူဟူစိန်၊ အမှတ်–၂၅၈ (ဘီ)၊ အောင်သဇင်လမ်း၊ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်နေသူတို့နှစ်ဦးသည် သတ်မှတ်ယာဉ်စီးခ ငွေကျပ် ၅၀ ခရီးစဉ်အတွက် ငွေကျပ် ၁၀၀ တောင်းယူကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ကမာရွတ်ရဲစခန်းသို့ ပို့အပ်တိုင်တန်းခဲ့ရာ ကမာရွတ်ရဲစခန်းမှ အောင်မြင့်ထွန်းနှင့် မာမက်ရာကွတ်တို့နှစ်ဦးအား ခြေချုပ်နှင့် ခံဝန်ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံ လွှဲပြောင်းပေးအပ်

မိတ္ထီလာ ဖေဖော်ဝါရီ ၅

မန္တလေးတိုင်း၊ မိတ္ထီလာခရိုင်၊မိတ္ထီလာမြို့နယ်၊ တောမကျေးရွာအုပ်စုရှိတောမကျေးရွာ၊ ရေချိုကျေးရွာ၊ဥယျာဉ်ကျေးရွာ၊ ပန်းတော်ဆက်ကျေးရွာ၊ မကျီးပင်ပုကျေးရွာ၊ လက်ပံခေါင်းကျေးရွာ၊ ရွာသစ်ကျေးရွာ၊ ခြောက်ပင်ကျေးရွာ၊ ပြည်တော်သာကျေး ရွာ၊ ပေါက်ပင်ကျေးရွာတို့၏ ကျေးရွာ အုပ်စုလုံးကျွတ်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အဆောက်အအုံလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားများကို ဇန်နဝါရီ ၅ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်း၊ တောမကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းက အဖွင့်အမှာစကားပြောကြားသည်။ ခရိုင်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောဌေးက ရှင်းလင်းပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးမောင်မောင်အုန်းက ကျေးဇူးတင်စကား ပြောကြားသည်။

တောမကျေးရွာအုပ်စုလုံးကျွတ် ကျေးရွာစာကြည့်တိုက်အဆောက်အအုံသစ်များနှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို တောမကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်းထံသို့ လွှဲပြောင်းပေးအပ်သည်။ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်းက စာအုပ်မျိုးစုံ၂၀၀၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးစိုးသန်းက စာအုပ် ၃၀၊ ဦးမြစိမ်း–ဒေါ်မြညိမ်းမိသားစုက စာအုပ် ၁၀၀နှင့် စာအုပ်စင်တစ်ခု၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအောင်မြင့်က ငွေပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးသန်းက ငွေကျပ် ၅၀၀၀၊ အစိုးရနည်းပညာတက္ကသိုလ်နည်းပြ ဦးခင်မောင်သန်း–ဒေါ်စန္ဒာထွန်းမိသားစုက အလှူငွေကျပ်၃၀၀၀၊ တောမကျေးရွာအုပ်စုကျေးရွာပေါင်း ၁၀ ရွာမှ ငွေပဒေသာပင်အလှူငွေကျပ် ၃၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ တောမကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုက လက်ခံရယူခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

ကြေးမုံ The Mirror နိုင်ငံတကာရေးရာသတင်းများ

(ဝဲမှ ယာသို့) ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်းယှဉ်ပြိုင်သူ ဘာရက်အိုဘားမားနှင့် ဟီလာရီကလင်တန်၊ ရီပတ်ဘလီကန်ပါတီမှ သမ္မတလောင်းယှဉ်ပြိုင်သူ ဂျွန်မက်ကိန်းနှင့် မစ်ရွမ်နေး။
(ဓာတ်ပုံ-အင်တာနက်)




အမေရိကန် အကြိုအခြေခံ သမ္မတလောင်းရွေးပွဲတွင် အနိုင်ရရှိရေး အပြိုင်အဆိုင်ကြိုးပမ်းနေ

ပေကျင်း ဖေဖော်ဝါရီ ၅

အမေရိကန်နိုင်ငံ၏ အကြိုအခြေခံသမ္မတလောင်းရွေးပွဲစတင်ခဲ့သည်မှာ အချိန်တစ်လခန့်ရှိသွားချိန်တွင် ဆက်လက်ပါဝင်ယှဉ်ပြိုင်သူ ဦးရေမှာလည်း လျော့နည်းလာသည်။ ကျန်ရှိသော ယှဉ်ပြိုင်ဘက်များမှာလည်း ဆူပါကျူးစ်ဒေးဟုခေါ်သော ဖေဖော်ဝါရီ ၅ ရက် ရွေးချယ်ပွဲတွင် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြသည်။

ဖေဖော်ဝါရီ ၅ရက်တွင်အမေရိကန်နိုင်ငံ ပြည်နယ်ပေါင်း ၂၄ ပြည်နယ်၌ တစ်ပြိုင်တည်း သမ္မတလောင်းရွေးပွဲကို ဆန္ဒပေးကြသည်။ ထိုယှဉ်ပြိုင်ပွဲတွင် ဒီမိုကရက်တစ်ပါတီမှ ဘာရက်အိုဘားမားနှင့် ဟီလာရီကလင်တန်တို့နှစ်ဦး အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြသည်။ ထိုအတူ ရီပတ်ဘလီကန်ပါတီမှ ဂျွန်မက်ကိန်းနှင့် မစ်ရွမ်နေးတို့လည်း ယှဉ်ပြိုင်ကြသည်။

အကြိုအခြေခံ သမ္မတလောင်းရွေးပွဲမစတင်မီက ကလင်တန်မှာ ရေပန်းစားနေခဲ့သည်။ သို့သော် တကယ်တမ်းယှဉ်ပြိုင်ရသောအခါ အိုဘားမားနှင့် သူနိုင်ကိုယ်နိုင်ယှဉ်ပြိုင်ရသည့် အခြေအနေရှိသည်။ ရီပတ်ဘလီကန်ပါတီ ယှဉ်ပြိုင်ဘက်များကိုကြည့်လျှင်မူ မက်ကိန်းက အနည်းငယ်အသာရနေသည့်သဘောရှိသော်လည်း ရွမ်နေးမှာလည်း အလျှော့မပေးဘဲ ဆက်လက်ယှဉ်ပြိုင်နေဆဲဖြစ်သည်။

အင်တာနက်။

သီရိလင်္ကာတွင် ခရီးသည်တင် ဘတ်စ်ကား ဗုံးထိမှန် ၁၂ ဦး သေဆုံး

ကိုလံဘို ဖေဖော်ဝါရီ ၅

သီရိလင်္ကာ အရှေ့မြောက်ပိုင်းတွင် ဖေဖော်ဝါရီ ၄ ရက်က ခရီးသည်တင် ဘတ်စ်ကားတစ်စီး ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ ထိုပေါက်ကွဲမှုမှာ တမီးလ်ကျားသူပုန်များ၏ လက်ချက်ဖြစ်သည်ဟုယူဆရပြီး အနည်းဆုံး လူ ၁၂ဦးသေဆုံးခဲ့ကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

သီရိလင်္ကာနိုင်ငံတွင် လွတ်လပ်ရေး အခမ်းအနားကျင်းပပြီးနောက် နာရီအနည်းငယ်၌ ဗုံး ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

တမီးလ်ကျားသူပုန်များသည် ဝီလီ-အိုရာဒေသတွင် ခရီးသည်တင်ဘတ်စ်ကားကို ပစ်မှတ်ထား၍ ဖောက်ခွဲခဲ့ခြင်းဖြစ်ရာ ၁၂ဦးသေဆုံးပြီး ၁၇ဦးကို ဆေးရုံတင်လိုက်ရကြောင်း စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ လွန်ခဲ့သောလက အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ပျက်ပြားပြီးနောက် တိုက်ပွဲများ ပိုမိုပြင်းထန်လာခဲ့သည်။ အပစ်အခတ်ရပ်စဲရေး သဘောတူထားစဉ် သူပုန်များက အင်အားပြန်လည်ဖြည့်တင်းခြင်းနှင့် လက်နက်ပြန်လည်တပ်ဆင်ခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

လူပေါင်း ၇၀၀၀၀ ခန့် သေဆုံး

၁၉၈၃ ခုနှစ်ကတည်းက ဖြစ်ပွားသော ပဋိပက္ခများအတွင်း၌ ခန့်မှန်းခြေအားဖြင့် လူပေါင်း ၇၀၀၀၀ ခန့် သေဆုံးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

ပါကစ္စတန်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွား ငါးဦးသေဆုံးပြီး ၂၅ဦး ဒဏ်ရာရရှိ

ရာဝါပင်ဒီ (ပါကစ္စတန်)ဖေဖော်ဝါရီ ၄

ရာဝါပင်ဒီမြို့သို့ သွားရောက်သည့် ဆေးတပ်ဖွဲ့ဝင်များစီးနင်းလိုက်ပါလာသော ပါကစ္စတန် စစ်ဘက်ယာဉ်တစ်စီးကို အသေခံဗုံးဖောက်ခွဲသူတစ်ဦးက တိုက်ခိုက်ခဲ့သဖြင့် လူငါးဦးထက်မနည်း သေဆုံးပြီး ၂၅ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့နှင့်စစ်ဘက်မှ တာဝန်ရှိသူပုဂ္ဂိုလ်များက ပြောကြားသည်။

ရာဝါပင်ဒီမြို့တွင် ဗုံးပေါက်ကွဲပြီး ပျက်စီးသွားသည့် စစ်ဘက်ယာဉ်တစ်စီးကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မြင့်မားလာ

ပါကစ္စတန်စစ်တပ်နှင့် စစ်သွေးကြွများသည် အနောက်မြောက်ပိုင်းဒေသတွင် တိုက်ခိုက်မှုများဖြစ်ပွားခဲ့ပြီး ဒေသအချို့၌လည်း ဗုံးဖောက်ခွဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများ မြင့်မားလာခဲ့သည်။

ထို့ကြောင့် ယခုလအတွင်း ကျင်းပမည့် ရွေးကောက်ပွဲအတွက် စိုးရိမ်မကင်းဖြစ်မှုများ မြင့်တက်လာခဲ့သည်။

ဗုံးဖောက်ခွဲသူသည် မော်တော်ဆိုင်ကယ်စီးပြီး မော်တော်ယာဉ်ကို ဝင်ရောက် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ဗုံးဖောက်ခွဲ

စစ်ဘက်နှင့် အရပ်သူ၊ အရပ်သားများ အသွားအလာရှုပ်ထွေးချိန်တွင် ဗုံးဖောက်ခွဲခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။



အပြည်ပြည်ဆိုင်ရာ အာကာသ စခန်းယာဉ် ISS ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကင်ညာတွင် ဆူပူမှုများဆက်လက်ဖြစ်ပွား သေဆုံးသူ ၁၀၀၀ ကျော်ရှိသွားပြီဖြစ်

နိုင်ရိုဘီ ဖေဖော်ဝါရီ ၅

ကင်ညာနိုင်ငံ၏ ရွေးကောက်ပွဲလွန်ကာလ အဓိကရုဏ်းများကြောင့် သေဆုံးသူဦးရေမှာ ၁၀၀၀ ကျော်သွားပြီဖြစ်ကြောင်း ကြက်ခြေနီအဖွဲ့က ဖေဖော်ဝါရီ ၅ရက်တွင် ပြောကြားသည်။ ထိုစဉ်တွင် ဆန့်ကျင်ဘက်နှစ်ပါတီသည် ရင်ကြားစေ့ရေးအတွက် ဆွေးနွေးပွဲများ ကျင်းပလျက်ရှိသည်။

သေဆုံးကြရ

ကင်ညာနိုင်ငံသည် လွတ်လပ်ရေးရရှိခဲ့သည်မှာ ၄၄ နှစ်ရှိသွားပေပြီ။ ထိုသက်တမ်းအတွင်း ယခု အဖြစ်အပျက်သည် အဆိုးရွားဆုံး ကာလများပင်ဖြစ်သည်။ သေဆုံးရသူများမှာ လူမျိုးစုအချင်းချင်း အုပ်စုဖွဲ့ ရိုက်နှက်သတ်ဖြတ်မှု၊ လုယက်မှုနှင့် ရဲနှင့် ပဋိပက္ခဖြစ်မှုများကြောင့် သေဆုံးကြရခြင်းဖြစ်သည်။

ကင်ညာနိုင်ငံ၏ လတ်တလောပြဿနာမှာ ဒီဇင်ဘာ ၂၇ရက် ရွေးကောက်ပွဲရလဒ်ကို အခြေခံပြီး ဖြစ်ပွားခြင်းဖြစ်သော်လည်း သမိုင်းကြောင်းအရ လူမျိုးစုချင်း မြေယာပိုင်ဆိုင်မှု၊ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုနှင့် အာဏာခွဲဝေမှုစသည်တို့နှင့် စပ်လျဉ်းပြီး ပဋိပက္ခများက မြစ်ဖျားခံခဲ့ခြင်းဖြစ်သည်။

ဆူပူအကြမ်းဖက်မှုများကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ရသူ ဒုက္ခသည် ဦးရေမှာလည်း ၃၀၄၀၀၀ ရှိကြောင်း ကြက်ခြေနီအဖွဲ့က ပြောကြားသည်။ ***အင်တာနက်။***

ကင်ညာနိုင်ငံတွင် ဆူပူအကြမ်းဖက်မှုဖြစ်ပွားစဉ် ကားခိုးသူတစ်ဦးအား လိုက်လံဖမ်းဆီးနေသည်ကို ဖေဖော်ဝါရီ ၄ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ရုရှားအာကာသကုန်တင်ယာဉ် ပရိုဂရက်စ် အာကာသစခန်းယာဉ်မှ ပြန်လည်ထွက်ခွာလာ

မော်စကို ဖေဖော်ဝါရီ ၅

ရုရှားကုန်တင်အာကာသယာဉ် ပရိုဂရက်စ် အမ်-၆၂ သည် တနင်္လာနေ့တွင် အပြည်ပြည်ဆိုင်ရာ အာကာသစခန်းယာဉ် (အိုင်အက်စ်အက်စ်)မှ ပြန်လည်ထွက်ခွာလာပြီဖြစ်ကြောင်း အင်တာဖက်သတင်းဌာနက ထုတ်လွှင့်သည်။

ပြန်လည်ထွက်ခွာ

အာကာသကုန်တင်ယာဉ်သည် အိုင်အက်စ်အက်စ်စခန်းယာဉ်မှ ချောချောမောမော ပြန်လည်ထွက်ခွာလာနိုင်ကြောင်း မော်စကိုမြို့အနီးရှိ အာကာသပျံသန်းမှု ထိန်းချုပ်ရေးစခန်းမှ ကြေညာသည်။

ပရိုဂရက်စ် အာကာသကုန်တင်ယာဉ်သည် အိုင်အက်စ်အက်စ်စခန်းယာဉ်ဖြင့် ၂၀၀၇ ခုနှစ် ဒီဇင်ဘာလကတည်းက ချိတ်ဆက်ခဲ့ခြင်းဖြစ်သည်။

ယင်း သည် အာကာသစခန်းယာဉ်ကို စွန့်ခွာပြီးနောက် သီတင်းနှစ်ပတ်ကြာ အာကာသတွင်း၌ သီးခြားလွတ်လပ်စွာ ပျံသန်းနေမည်ဖြစ်သည်။

ပရိုဂရက်စ်ကုန်တင်ယာဉ်သည် အာကာသတွင်း၌ ပျံသန်းနေစဉ် ပလာစမာ ပရိုဂရက်စ်ခေါ် သိပ္ပံစမ်းသပ်မှုကို ပြုလုပ်မည်ဖြစ်သည်။ အလားတူစမ်းသပ်မှုမျိုးကို စက်တင်ဘာလအတွင်းကလည်း ပရိုဂရက်စ် အမ်-၆၀ ယာဉ်ဖြင့် စမ်းသပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

စီစဉ်ထား

နောက်ထပ် အာကာသကုန်တင်ယာဉ်တစ်စင်းဖြစ်သည့် ပရိုဂရက်စ် အမ်-၆၃ ကို ဘိုင်ကိုနူး အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ ယခုလအတွင်း ထပ်မံလွှတ်တင်ရန် စီစဉ်ထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပြည်သူ့ဆန္ဒ သဘောထား

- ☆ တည်ငြိမ်မှုကို လိုလားသည်
- ☆ အေးချမ်းမှုကို လိုလားသည်
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး ထားဝယ်ခရိုင် လောင်းလုံမြို့နယ် မောင်းမကန် ကမ်းခြေတစ်လျှောက် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ-နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ်ထံ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်နယ်အချို့တွင် ကျရောက်လျက်ရှိသော ဆီးနှင်းမုန်တိုင်းကြောင့် အသက်အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးရသည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ-နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး မောင်းမကန်ကမ်းခြေ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၅

တနင်္သာရီတိုင်း ထားဝယ်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းတွင် ထားဝယ်ခရိုင် လောင်းလုံမြို့နယ် မောင်းမကန်ကမ်းခြေတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မောင်းမကန်ကျေးရွာ ဖွံ့ဖြိုးတိုးတက်မှုကိုလည်းကောင်း၊ ကျေးရွာအခြေခံပညာအလယ်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားနေမှုနှင့် ကျောင်းအဆောက်အအုံကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ထားဝယ်မြို့နယ် ရှင်မုတ္တီးဘုရားနှင့် အလယ်ကုန်းကျေးရွာရှိ လောကသရဖူရွှေသာလျောင်းဘုရားတို့ကို သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ထားဝယ်လေဆိပ် တိုးချဲ့တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မျက်မမြင် ညီအစ်ကိုနှစ်ဦး အမြင်အာရုံ ပြန်လည်ရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၅

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ကြည့်မြင်တိုင် မျက်မမြင်ကျောင်းသို့ စာပေနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားရန် ရောက်ရှိလာသော ပဲခူးတိုင်း ကျွဲပွဲမြို့ အုတ်ဖိုကျေးရွာ အေးချမ်းသာစည်ရွာသစ်နေ အဖ ဦးအောင်မင်း၊ အမိ ဒေါ်အေးသိန်း၏ သားများဖြစ်ကြသော မောင်ဖွန်ဉာဏ်ထက် (၁၄)နှစ်နှင့် မောင်ဝေယံအောင်မင်း (၁၂)နှစ်တို့အား ကြည့်မြင်တိုင် မျက်မမြင်ကျောင်း၏ စီစဉ်မှုအရ မျက်စိခွဲစိတ်ကုသရရှိနိုင်သူများကို အလှူရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် ရန်ကုန်မျက်စိအထူးကု ဆေးရုံကြီးတွင် ၂၀၀၇ခုနှစ် နိုဝင်ဘာ ၃၀ရက်နှင့် ဒီဇင်ဘာ ၇ရက်တို့၌ မျက်စိအထူးကုဆရာဝန်ကြီးများက မျက်ကြည်လွှာအစားထိုးကုသမှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ညီအစ်ကိုနှစ်ဦးစလုံး အမြင်အာရုံ ပြန်လည်ရရှိကြပြီး မိဘများနှင့်အတူ ပြန်လည်နေနိုင်ကြပြီဖြစ်ကြောင်း သိရှိရသည်။

အလားတူ ကျောင်းသား၊ ကျောင်းသူ ခုနစ်ဦးတို့အား အလှူရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် ရန်ကုန်မျက်စိအထူးကုဆေးရုံကြီးတွင် မျက်ကပ်မှန်ထည့်ခြင်း၊ မျက်ကြည်လွှာ အစားထိုးကုသခြင်း၊ တိမ်ခြစ်ထုတ်ကုသခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်ရှား

နေပြည်တော် ဖေဖော်ဝါရီ ၅

ယနေ့ မြန်မာစံတော်ချိန် နံနက် ၈နာရီ ၀၁ မိနစ် ၄၈ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်း၏ မြောက်ဘက် ၁၇၆ မိုင်ခန့် ကွာဝေးသောနေရာ(မြန်မာနိုင်ငံပြည်တွင်း)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက တိုင်းထွာရရှိကြောင်း သိရသည်။ (သတင်းစဉ်)

ကြေးမုံ The Mirror (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို

- ❒ တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ကချင်ပြည်နယ် (ဓာတ်ပုံမှတ်တမ်း) စာမျက်နှာ-၇
- ❒ "မြန်မာပြည်ထောင်စုကြီးက မည်သူနဲ့နဲ့မနဲ့မည်သို့မျှ ပြည်ထောင်စုပြိုကွဲမခံ၊ ယနေ့မြန်မာ ပြည်ထောင်စုကြီးငြိမ်းချမ်းကာ ဘက်ပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်နေပြီး ဒီမိုကရေစီလုပ်ငန်းစဉ်များ ခရီးရောက်နေပြီ။"
  တက္ကသိုလ်မြတ်သူ၏ **"သမိုင်းစဉ်ဆက်ကြံ့ခိုင်ခဲ့သော တိုင်းရင်းသားစည်းလုံးညီညွတ်မှုခွန်အားဖြင့် မြန်မာတို့၏ ပြည်ထောင်စုကြီး ထာဝရတည်တံ့ ငြိမ်းချမ်းဖွံ့ဖြိုးစေမည်"** (ဆောင်းပါး) စာမျက်နှာ-၈၊၉၊၁၀
- ❒ ရေနံ့သာမောင်ကျော်ညွန့်၏ **"စည်းလုံးချစ်ကြည် အင်အားညီ"** (ကဗျာ) စာမျက်နှာ-၉
- ❒ ကောင်းကောင်း၏ **"ပြည်ထောင်စုစိတ်ဓာတ်"** (ကာတွန်း) စာမျက်နှာ-၉